# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်၊ စနေနေ့။ Saturday, 12 April 2025 ၁၁၇၉၀


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုများကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသသို့ သွားရောက်စစ်ဆေး ဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းလေးဒေသတွင် ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုများ ကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသသို့ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် အင်းခြံကေလာကျေးရွာအုပ်စု ကေလာကျေးရွာသို့ စက်လှေများဖြင့်ရောက်ရှိပြီး ကေလာကျေးရွာအုပ်စုအတွင်း လူနေအိမ်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့မှုနှင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို မေးမြန်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယိုင်နဲ့သွားသည့် နေအိမ်များအား အမြန်ဆုံးပြန်လည်ပြုပြင်ပေးနိုင်ရေး ဒေသမှကျွမ်းကျင်လက်သမားအဖွဲ့များ၊ လုပ်သားများဖြင့် ဆောင်ရွက်ပေးသွားရန်နှင့် ပြန်လည်ဆောက်လုပ်ရန်လိုအပ်သည့် နေအိမ်များအား ရှင်းလင်းမှုများကို ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ


**မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းနှင့် ကြင်နာချစ်ခြင်း သံခင်းတမန်ခင်း**



ဆောင်းပါး
စာမျက်နှာ » ၁၀

**ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ**

စာမျက်နှာ » ၁၆

**ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ယာယီဆေးရုံ(ပေါင်းလောင်း)တွင် ပူးပေါင်းပါဝင်ကုသပေးလျက်ရှိ၊ နေပြည်တော်ရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း ခေတ်မီအလိုအလျောက်ရေသန့်စင်စက်များနှင့် ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း**

စာမျက်နှာ » ၁၈

# ခိုင်မြဲသောစည်းလုံးညီညွတ်မှုဖြင့် အရာရာအောင်မြင်စွာကျော်ဖြတ်နိုင်

"သမဂ္ဂါနံ တပေါ သုခေါ" ဆိုသည့် ပါဠိစကားသည် သမဂ္ဂါနံ - ညီညွတ်သော သူတို့၏ တပေါ - အကျင့်သည် သုခေါ - ချမ်းသာခြင်းဟု အဓိပ္ပာယ်ရသည်။ "စည်းလုံးညီညာလျှင် အောင်မြင်မည်" ဆိုသည်နှင့် အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။ ဆိုလိုသည်မှာ လူအများသည် အကြောင်းကိစ္စတစ်ခုကို စည်းလုံးညီညွတ်စွာဖြင့် အတူလက်တွဲဆောင်ရွက်ကြပါက အောင်မြင်မှုကိုရနိုင်သည်။ ချမ်းသာသုခကို ရရှိနိုင်သည်ဟု ဆိုခြင်းဖြစ်သည်။ ဤပါဠိတော်လာ ဆိုရိုးစကားသည် စည်းလုံးညီညွတ်မှု၏ အရေးပါသော လေးနက်မှုကိုဖော်ပြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် စည်းလုံးညီညွတ်မှုသည် အောင်မြင်မှု၏ အဓိကသော့ချက်ဖြစ်သည်။

မျက်မှောက်ကာလတွင် "အဆိုးထဲမှ အကောင်း"ဟု ပြောရမည်ဆိုသလို မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်ခံရသည့်ဒေသများမှ ပြည်သူများ ဆင်းရဲဒုက္ခများနှင့် ပူဆွေးသောကများ ကြုံတွေ့ရချိန်တွင် အများပြည်သူအားလုံးတို့၏ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုဖြင့် စာနာထောက်ထားရိုင်းပင်းကူညီဆောင်ရွက်ပေးမှုများကြောင့် ထိခိုက်ဆုံးရှုံးနစ်နာ ခံစားကြရသူများမှာ ကျေနပ်ဝမ်းမြောက်ဖြစ်ကြရသည့် သုခခံစားမှုများကို ရရှိခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုပြီး ပြည်တွင်း/ပြည်ပမှ စေတနာရှင်များအားလုံး၏ ကရုဏာရှေ့ထား နေ့မအားညမနား ကူညီဆောင်ရွက်ပေးမှုများကြောင့် အချိန်တိုကာလအတွင်း ကောင်းမွန်သည့်အရွေ့တစ်ခုသို့ ရောက်ရှိလာပြီဖြစ်သည်။

ငလျင်စတင်လှုပ်ခတ်သည့်အချိန်မှစ၍ ငလျင်ဒဏ်သင့်ဒေသအသီးသီးသို့ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်နှင့်သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်း/ပြည်ပမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ပြည်တွင်းမှ ပရဟိတအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလကူညီကြသူများ၊ မြန်မာနိုင်ငံတစ်ဝန်းမှ အလှူရှင်များ၊ စေတနာရှင်များ၊ မကူညီနိုင်သော်လည်း မေတ္တာစေတနာထားကြသူများ အားလုံးအားလုံးတို့သည် တပေါင်းတစည်းတည်း တစ်ခုတည်းသော စိတ်ထားဖြင့် နေ့စဉ်ရက်ဆက် နေ့နေ့ညည နိုးကြားတက်ကြွစွာပါဝင်လျက်ရှိကြသည်။ ဤသည်မှာ အများပြည်သူဘေးဒုက္ခရောက်ချိန်၌ လူလူချင်းစာနာထောက်ထားမှု စိတ်ခံစားချက်တစ်ခုမှ ပေါ်ထွက်လာသော စည်းလုံးညီညွတ်မှု ပေါင်းစုအင်အားဖြစ်သည်။

ပြည်သူ ပြည်သားအများစု၏ ပင်ကိုစိတ်ရင်းဟုလည်းဆိုနိုင်သည်။ ဒုက္ခရောက်ချိန်တွင် ကူညီဖေးမတတ်သည့် မြန်မာ့စိတ်ထား၊ လူပီသသော လူသားများ၏ စိတ်ထား။ တစ်ရောင်တည်း၊ တစ်သွေးတည်း၊ တစ်သားတည်း မွန်မြတ်သော စိတ်ထားများပင်ဖြစ်သည်။ ငလျင်ကြီးလှုပ်ခတ်အပြီး အုတ်ကျိုးအုတ်ပဲ့များကြား၌ ပိမိနေကြသည့် အသက်ရှင်သန်နေသူများ၊ သေဆုံးသွားကြသူများအတွက် သောကမီးတောက်လောင်နေချိန် ကူညီကယ်ဆယ်ပေးကြသည့် နိုင်ငံပေါင်း ၂၀ ကျော်မှ တိုင်းတစ်ပါးသားများက ကိုယ်ချင်းစာတရားအပြည့်အဝဖြင့် ကူညီကြသူများအပေါ် မြန်မာတို့၏အစဉ်အလာဖော်ရွေမှု၊ ညို့ဝတ်ကျေပွန်မှု၊ ကျေးဇူးတင်တတ်မှု၊ ပြန်လည်ကျေးဇူးဆပ်လိုမှု စသည့် မြန်မာတို့၏စိတ်ရင်းစေတနာမှန်၊ မြန်မာတို့၏ ပင်ကိုစိတ်ရင်းများပင်ဖြစ်သည်။ ယင်းတို့ကို နိုင်ငံတကာမှသိရှိလာကြသဖြင့် ဝမ်းမြောက်ဂုဏ်ယူရမည်ဖြစ်သည်။

ပြီးခဲ့သည့်ကာလများက မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကြောင့် မြန်မာအချင်းချင်း မညီညွတ်မှု၊ ယဉ်ကျေးမှုဓလေ့စရိုက်များပျောက်ပျက်မှု၊ ကြမ်းတမ်းခက်ထန်သော စက်ဆုပ်ရွံရှာဖွယ်ရာ အဖြစ်အပျက်များဖြစ်ပျက်မှု စသည့်အမြင်မတင့်သော ကိစ္စအဝဝတို့ကြောင့် မြန်မာတို့၏ ပုံရိပ်ကျဆင်းမှုများကို ယခုပေါင်းစုညီညွတ်သော အင်အားများ၊ စာနာထောက်ထား ကူညီဖေးမမှုများ၊ ဝမ်းမြောက်ကြည်နူး ကျေးဇူးတုံ့ပြန်မှုများက ပြန်လည်ချေဖျက်ပေးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်ဟု ဆိုရမည်။

ငလျင်ကြီးမှ ရရှိလာသောသင်ခန်းစာများ၊ စည်းလုံးညီညွတ်မှုအင်အားများ၊ စိတ်ဓာတ်ခွန်အားများဖြင့် ငလျင်ဘေးသင့်ပြည်သူများအတွက် ပြန်လည်တည်ဆောက်ပေးရေး၊ မူလအခြေအနေမပျက်ရပ်တည်နေထိုင်ရေး၊ ဘဝသစ်တစ်ဖန်ရှင်သန်လာစေရေးစသည်တို့ကို ဆက်လက်ဆောင်ကြဉ်းပေးကြရမည်ဖြစ်သလို မျက်မှောက်ကာလ မြန်မာနိုင်ငံအတွက် အရေးတကြီးလိုအပ်ချက်များဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ စီးပွားရေးတိုးတက်ကောင်းမွန်လာရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်စိတ်တည်း တစ်ဝမ်းတည်း ဆက်လက်ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စည်းလုံးခြင်းသည် အရာရာတွင် အောင်မြင်မှုရနိုင်သည်ဆိုသကဲ့သို့ မြန်မာတို့ကြုံတွေ့ခဲ့သည့် နာကျင်ခံစားမှုများကို စိတ်ဓာတ်ခွန်အားများအဖြစ် ပြောင်းလဲပြီး မြန်မာဟူသည့်ပုံရိပ် တောက်ပြောင်လာစေရေး၊ မြန်မာဟူသည့် ဂုဏ်ဒြပ်မြင့်မားတိုးတက်လာစေရေး၊ မြန်မာကို ကမ္ဘာတွင် ဝင့်ကြွားပေါ်ထွန်းလာစေရေးအတွက် ခိုင်မြဲသောစည်းလုံးညီညွတ်မှုဖြင့် အရာရာကို အောင်မြင်စွာကျော်ဖြတ်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်များတွင်အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်/ ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။

(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးအချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိရက်မှုးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီ

နေပြည်တော် မေ ၁၁

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီဖြစ်သည်။

မိုး/ဇလ

## ၁၁ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၂၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၈၀၀ | ၈၅၆ | ၅,၈၀၁,၂၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁,၀၁၅ | ၂,၉၉၅,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂ | ၁၅,၈၀၀ |
| FPB | ၁,၇၅၀ | ၁,၈၀၀ | ၂,၉၄၇ | ၅,၁၅၇,၃၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၄၀၃ | ၆၀၄,၅၀၀ |
| AMATA | ၃,၉၀၀ | ၄,၁၀၀ | ၂၁၂ | ၈၃၈,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၅၀ | ၆,၀၆၆ | ၁၉,၁၀၅,၆၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၃၀၀ | ၃၀ | ၉၀,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်ရွှေမြို့နယ် အင်းခြံ ကေလာကျေးရွာအုပ်စု ကေလာကျေးရွာ၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်ဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်

○ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် တွေ့ဆုံရာ ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကလောခရိုင်အုပ်ချုပ်ရေးမှူးတို့က ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဘေးဒဏ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဘုရား၊ စေတီပုထိုးများ၊ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများ၊ နေအိမ်များပြန်လည်တည်ဆောက်ရန်အတွက် သစ်နှင့်သွပ်များ လိုအပ်ချက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နေအိမ်များ ပြန်လည်တည့်မတ်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ဆောင်ရွက်ပြီးစီးစေရေး ကျွမ်းကျင်လက်သမားအဖွဲ့များနှင့် ကျွမ်းကျင်လုပ်သားများရရှိအောင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ပူးပေါင်း ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အုတ်ဖိနပ်များဖြင့် ဆောက်လုပ်နိုင်ရေး မြေသား စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်သစ်၊ သွပ်နှင့် ဘိလပ်မြေများ လုံလောက်စွာရရှိစေရေး နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လတ်တလောကာလတွင် တစ်လစာအထိ စားသောက်ဖွယ်ရာများကိုလည်း ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်သဘာဝ ဘေးဒဏ်ဆိုင်ရာများ၊ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခုကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးသည် မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးများအနက် ဒုတိယအပြင်းထန်ဆုံးနှင့် ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ငလျင်ကြီးဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ ကောက်ယူရရှိသည့် စာရင်းများအရ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၇၅ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၂၀ နှင့် ပျောက်ဆုံးနေ သူ ၁၄၁ ဦးရှိသည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ သေဆုံးမှုများသည် မိမိတို့နိုင်ငံသမိုင်းတွင် ဆိုးရွားသည့် အဖြစ်အပျက်တစ်ခုဖြစ်ပြီး မိမိအနေဖြင့်လည်း စိတ်မကောင်းဖြစ်ရကြောင်း၊ သေဆုံးခဲ့ရသူများကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း နေအိမ်အမျိုးအစားနှင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ အလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် ယခင်မိမိတို့နိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ချ်)တာစကေး ၈ အထိခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည် ဖြစ်သော်လည်း ဆောက်လုပ်ခဲ့ခြင်းမရှိမှုများကြောင့် အချို့အဆောက်အအုံများမှာပျက်စီးပြီး ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နောင်အချိန်တွင် ယခုကဲ့သို့ ပျက်စီးမှုများမရှိစေရေး အဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်(ချ်)တာစကေး ၈ အထိခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ယခုငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရစဉ် နေပြည်တော်တွင်တည်ထား

**စာမျက်နှာ ၄ သို့ ○**





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်ရွှေမြို့နယ် အင်းခြံ ကေလာကျေးရွာအုပ်စု ကေလာကျေးရွာ၌ ငလျင်ဘေးဒဏ်ကြောင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ စာမျက်နှာ ၃ မှ

ကိုးကွယ်ထားရှိသည့် မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် ထိခိုက်ပျက်စီးမှု(လုံး၀) မရှိခဲ့ကြောင်းနှင့် အခြားသာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ် ခံနိုင်ရေး၊ မြေငလျင်ဒဏ် ခံနိုင်ရေးနှင့် သဘာ၀ဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေးတို့ကို စနစ်တကျတွက်ချက် တည်ဆောက်ခဲ့မှုနှင့် ခေတ်မီအင်ဂျင်နီယာ နည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှုကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် နောင်လာနောက်သားများ၏ ကာလ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုမရှိစေရေး မိမိတို့အနေဖြင့် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ စနစ်တကျဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ငလျင်ဒဏ်သင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးအတွက် နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးကိုဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ **နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်ဖြင့် တောင်ပေါ် မြေပြန့်မခွဲခြားဘဲ ဝိုင်းဝန်းဆောင်ရွက် သွားကြရမည်ဖြစ်**ကြောင်း။

မကြာခင်ကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ရိုးရာအစဉ်အလာများနှင့်အညီ အေးအေးချမ်းချမ်းဖြင့်သာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်မှု မရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့် နိုင်ငံအတွက် ဝမ်းစာဖူလုံရေးနှင့် လူနေမှုဘ၀မြင့်မားစေရေးတို့အတွက် အထောက်အကူပြုအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာ သင်ကြားရေးနှင့်ပတ်သက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များအားလုံး အမျိုးသားရေးစိတ်ဓာတ် ရှိစေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးတို့အတွက် ဆရာ ဆရာမများ၊ မိဘများ၏ အုပ်ထိန်းမှုများအောက်တွင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ပညာတတ်များဖြစ်စေရေးနှင့် ၎င်းတို့ဖြတ်သန်းရမည့် ဘ၀ခရီးလမ်းကို အေးချမ်းသာယာ ချောမွေ့စွာဖြင့် ဖြတ်သန်းသွားနိုင်ရေး လမ်းကြောင်းမှန်ပေါ်သို့ ဖော်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြမည်ဆိုပါက **စာမျက်နှာ ၅ သို့ »»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းဘက်စုံအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်စဉ်။

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

**( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )**

»»» စာမျက်နှာ ၄ မှ

ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများ အပေါ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ပင်မစံကျောင်းတော်ကြီး ရေရှည် ကြံ့ခိုင်မှုရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ကျောက်၊ သဲ၊ သံချောင်းများနှင့် ဘိလပ်မြေတို့ကို အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စံကျောင်းတော်ကြီးရှိ အောက်ခြေတိုင်များ ကြံ့ခိုင်မှုရှိစေရေး မြန်မြန်ဆန်ဆန်ဖြင့် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ငလျင်ဒဏ်ကြောင့် မြေကာနံရံများ၌ မြေပြိုကျခဲ့သည့်နေရာများအား Sheet Pile များဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ရေးလုပ်ငန်းများအား နှစ်စဉ်ကျင်းပနေကျဖြစ်သည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီကြွချီပူဇော်ခံပွဲမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား ပန်းနှင့် သောက်တော်ရေချမ်းတို့ ကပ်လှူပူဇော်ဖူးမြော်ကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန် အတွက် စုပေါင်း ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

မြန်မာနိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ AHA Centre အပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ICRC တို့ ပူးပေါင်း၍ ငလျင်ဒဏ်ခံစားခဲ့ရသည့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ICRC က ငလျင်ဒဏ်သင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့နှင့်အတူ ICRC ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရသူများအတွက် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်သတင်းစာဆရာအသင်းဝင်များ စုပေါင်း၍ ငွေကျပ်သိန်း ၅၀ ကို မေ ၁၁ ရက်တွင် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ သွားရောက်လှူဒါန်းရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်ပြန်လည်ပေးအပ်စဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ပထမမိုင်းသောက်ဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ညောင်ရွှေမြို့နယ် ပထမမိုင်းသောက် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ပထမမိုင်းသောက် ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ၎င်းနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

၎င်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များက သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်ကို ပထမမိုင်းသောက် ဆရာတော်ကြီးထံ သာဟတ္ထိက ဒါနမြောက် ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့နာယက၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ငှက်မြတ်နားတော်၊ ရတနာစိန်ပန်းခိုင်၊ ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၇ သို့ ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များက သဗ္ဗညုဘုရားရှင်အားရည်မှန်းထား၍ ရတနာစိန်ဖူးတော်ကို ပထမမိုင်းသောက်ဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံသာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များ၊ အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။

❑ စာမျက်နှာ ၆ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**ပရိတ်နံ့သာရည်များ ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ကြ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များက ပထမမိုင်းသောက်ဆရာတော်ကြီး ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သည်။ ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင်ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော်တစ်ချပ်အား ကပ်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာစိန်ဖူးတော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့ ငှက်မြတ်နားတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန်၏ ရေအေးသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ် တည်ဆောက်နေမှု၊ လယ်ဝေးပြန်ဆက်ရုံးနှင့် ဒက္ခိဏခရိုင် သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပမည့် ဧရိယာအတွင်း ရေအေးသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် မြန်မာ့ရိုးရာအတာသင်္ကြန်အား UNSECO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုကျင်းပမည်ဖြစ်ပြီး ကဏ္ဍများအနေဖြင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းသည့် သရုပ်ဖော်ခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ နေ့စဉ်နံနက် / ညနေ စတုဒိသာအဖြစ် သင်္ကြန်ထမင်း ၊ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ဆနွင်းမကင်း၊ ကျောက်ကျောဖျော်ရည်၊ မုန့်လက်ဆောင်း၊ ရွှေကြည်၊ သာကူကြို၊ အုန်းနို့ကျောက်ကျောစသည်တို့ ကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာသင်္ကြန် အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစားခြင်း ကဏ္ဍများသာ ပါဝင်မည်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပမည့် ဧရိယာအတွင်း ရေအေးသင်္ကြန် နှင့် စတုဒိသာမဏ္ဍပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယခင် နှစ်နှစ်က နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် မတ် ၂၈ ရက် က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း၌ နစ်နာဆုံးရှုံးရသည့် ပြည်သူအများအပြားရှိနေရာ ယခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ကို အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ နိုင်ငံတော်က အေးချမ်းသာယာသောသင်္ကြန်( အေးသင်္ကြန်) အဖြစ် ကျင်းပမည်ဖြစ်၍ လမ်းလျှောက်သင်္ကြန်ကိုလည်း အေးသင်္ကြန် အဖြစ် ပြောင်းလဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အားပေးစကား ပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လယ်ဝေးမြို့နယ်ရုံးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက်ပေးရမည့် အခြေအနေ များကို ကြည့်ရှုစစ်ဆေးကာဝန်ထမ်းများအား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ဝန်ထမ်းများထိခိုက်ဒဏ်ရာရရှိမှု မရှိသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိတို့၏ ရုံးများကို မူလအတိုင်း ပြန်လည်ပြင်ဆင်၍ ယခင်အတိုင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း အားပေးစကား ပြောကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒက္ခိဏခရိုင်(သင်တန်းကျောင်း) ရှိ ဝန်ထမ်းများယာယီတည်းခိုနိုင်မည့် အဆောက်အအုံများ တည်ဆောက်နေမှု၊ လျှပ်စစ်မီး၊ သောက်ရေသန့်၊ သုံးရေ၊ ချိုးရေ၊ သန့်စင်ခန်းများ လုံလောက်စွာ ရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါက်တာမြတ်မြတ်အုန်းခင် အလှူငွေလာရောက်လှူဒါန်း

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည့် ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်း ပြည်ပအလှူရှင်များက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဒေါက်တာမြတ်မြတ်အုန်းခင်သည် ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

**သတင်းစဉ်**




# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ပျဉ်းမနားမြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် မေ ၁၁

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ပျဉ်းမနားမြို့နယ် အတွင်းရှိ နေရာများ ပြန်လည်ထူထောင်ရေး လုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

**အလေးထားဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးသည် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်သို့ ရောက်ရှိပြီး မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာ



နှင့် ပြည်တွင်းမှ လှူဒါန်းသည့် ပစ္စည်းများ ရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ စနစ်တကျထားရှိရန်နှင့် အချိန်မီ ဖြန့်ဝေပေးနိုင်ရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်များသည် ပျဉ်းမနားမြို့ ဈေးကုန်းဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများအား တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောက်လုပ်ရေး လုပ်ငန်းသုံးဦးထုပ်များ ပေးအပ်သည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ်ရှိ ဆည်မြောင်းလက်တံများနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ ဆည်မြောင်းလက်တံများ ပြန်လည်ပြုပြင်ကာ ရေပေးဝေနိုင်မှုအခြေအနေနှင့် နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည် လက်တံမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဧပြီ ၁၁

စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ခြံအမှတ် အေ-၅ ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ တက်ရောက်သည်။



အစည်းအဝေး၌ နေပြည်တော်ရှိ ဝန်ထမ်းများအား အမိုးအကာအောက်တွင် ထားရှိနိုင်ရေးအတွက် ယာယီတဲများအား ထပ်မံဆောက်လုပ်နိုင်ရေး၊ အဆောက်အအုံအလွတ်များတွင် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထားရှိနိုင်ရေး၊ လျှပ်စီးလှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို သင်ခန်းစာဖော်ထုတ်၍ စက်ရုံများတည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းကျောင်းကြပ်မတ်ရမည့်ကိစ္စရပ်များ၊ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် သံ/သံမဏိများနှင့်ပတ်သက်၍ ဈေးကွက်သုတေသနပြုလုပ်ပြီး အရည်အသွေးများ စစ်ဆေးရေးကိစ္စ၊ ပုဂ္ဂလိက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စက်ရုံများတွင် ထုတ်ကုန်များနှင့်ပတ်သက်၍ သုတေသနဓာတ်ခွဲခန်းများထားရှိရေး ကိစ္စရပ်များ၊ ထုတ်ကုန်များအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေးနှင့် အရည်အသွေးအာမခံစနစ်များ ထူထောင်ထားရှိနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းအတည်ပြုခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက္ကူစက်ရုံ(ရေနီ)ရှိ စက်ရုံအဆောက်အအုံများ၊ လူနေအိမ်အလွတ်များ၊ လူပျို၊ အပျိုအဆောင်များ၌ နေပြည်တော်ရှိ ဦးစီးဌာန စက်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား အမိုးအကာအောက် ထားရှိနိုင်ရေးအတွက် ဝန်ထမ်းများ ဝင်ဆံ့နိုင်မှုအခြေအနေ၊ အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)သို့ ရောက်ရှိပြီး လျှပ်စီးကြောင့် သင်တန်းကျောင်းအတွင်း ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် လျှပ်စီးကြောင့် ပျက်စီးသွားသော စစ်ကိုင်းတံတား(အင်းဝ)အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဧပြီ ၈ ရက်မှ ၁၀ ရက်အထိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ လျှပ်စီးကြောင့် ပျက်စီးသွားသော နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနှင့် တာပေါင်များ၊ ရထားလမ်းတံတားများ၊ ဘူတာများ၏ အခြေအနေအား စစ်ဆေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ စစ်ကိုင်းတံတား(အင်းဝ)၊ ဒီဇယ်စက်ခေါင်းစက်ရုံ (မန္တလေး)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့ရှိဝန်ထမ်းနေအိမ်လိုင်းခန်းများ ပျက်စီးမှု အခြေအနေတို့ကို စစ်ဆေးသည်။

အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ လျှပ်စီးကြောင့် ပျက်စီးသွားသော ရထားလမ်းနှင့် တာပေါင်များ၊ ရထားလမ်းတံတားများ၊ ဘူတာများ၏ အခြေအနေနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ထားမှု အခြေအနေတို့ကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး တံတားအဝင်/အထွက် နေရာများနှင့် ရထားလမ်း တာပေါင်ပေါ်မြေသားများကွဲအက်၍ တာပေါင်နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ Level Alignment အား စနစ်တကျ ပြန်လည်စစ်ဆေးပြုပြင်သွားရန်၊ တာပေါင်နေရာများတွင် မြေဖို့ဖိကြိတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်နှင့် ကွေ့နေရာများတွင် ကွေ့ဒီဂရီနှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်၊ တံတားကြီးများရှိ ကမ်းကပ်ခုံ၊ ရေလယ်တိုင်နှင့် သံပေါင်များအား စနစ်တကျစစ်ဆေး၍ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လျှပ်စီးကြောင့် သံပေါင်ခုံးများ ပြုတ်ကျခဲ့သည့် စစ်ကိုင်းတံတား(အင်းဝ)သို့ သွားရောက်ပြီး မန္တလေးဘက် ကမ်းကပ်ခုံနှင့် မပြုတ်ကျသေးသည့် ပေ ၃၅၀ အရှည် သံပေါင်ခုံး၊ ဧရာဝတီမြစ်အတွင်း ပြုတ်ကျသွားသည့် သံပေါင်ခုံးများနှင့် ရေလယ်တိုင်များ၊ စစ်ကိုင်းဘက် ကမ်းကပ်ခုံ၊ ပေ ၆၀ သံပေါင် ခြောက်ခုနှင့် ပေ ၂၅၀ အရှည် သံပေါင်ခုံးတို့ကို ကြည့်ရှုစစ်ဆေးကာ ဆက်လက်ဆောင်ရွက် သင့်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ ဒီဇယ်စက်ခေါင်းစက်ရုံ(မန္တလေး)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့ရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နီပေါနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ပြန်လည်ထွက်ခွာ



နေပြည်တော် ဧပြီ ၁၁

မြန်မာနိုင်ငံအတွင်းရှိ လျှပ်စီးဘေးဒဏ်သင့်ဒေသများ၌ လူသားချင်းစာနာထောက်ထားမှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခဲ့ကြသည့် နီပေါနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့ ၁၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ နီပေါနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါအဖွဲ့များသည် လျှပ်စီးဘေးဒဏ်သင့်ဒေသများ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အားပေးပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှပ်စီးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ဧပြီ ၁၁ ရက်တွင် ၁၃ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးသည်။

မတ် ၃၀ ရက်မှ ဧပြီ ၁၁ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့(မနောသုခ-Export Quality) အိတ် ၈၄၅၀၊ ဆန် ငါးပြည်ဆံ့(ဖျာပုံပေါ်ဆန်း) အိတ် ၁၈၈၀၊ ဆီ ပိဿာ ၁၉၉၆၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ အိတ် ၃၆၂၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၂၅၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၃၈၇ အိတ်၊ စားအုန်းဆီ ပိဿာ ၂၆၄၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၂၁၄ အိတ်၊ စားအုန်းဆီ ၃၂၃၃ ပိဿာ၊ ကြက်ဥ အလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းနှင့် ကြင်နာချစ်ခြင်း သံခင်းတမန်ခင်း

**ပူပြင်းလှတဲ့အပူရှိန်အောက်မှာ ကမ္ဘာမြေကြီး တုန်ခါဟည်းခဲ့ပြီး ဘဝ၊ ဘဝတွေကို ဖောက်ထိုး မိုးမျှော်ဖြစ်စေခဲ့တဲ့ နွေနေ့လယ်ခင်းတစ်ခု။**

**မော်ဇေ (MOFA)**

အတိအကျဆိုရရင် မတ်လ ၂၈ ရက်၊ မွန်းလွဲ။

အဲဒီအချိန်တုန်းက ကျွန်မဟာ မကြာမီ ကျရောက်တော့မယ့် မြန်မာ့ရိုးရာ အတာနှစ်ကူး သင်္ကြန်တန်ခူးပွဲတော်ဆင်နွှဲနိုင်ရေး တိုင်ပင် ဆွေးနွေးကြဖို့ လုပ်ဖော်ကိုင်ဖက်အချို့နဲ့အတူ ကျွန်မတို့ရုံး နှစ်ထပ်ဆောင် မြေညီထပ်ရုံးခန်း တစ်ခုမှာ ရောက်ရှိနေခဲ့ပါတယ်။ ကျွန်မနဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ ရပ်တချို့၊ ထိုင်တချို့ စကား ပြောဆိုနေကြစဉ်မှာပဲ ငလျင်က သိမ့်ခနဲ စတင် လှုပ်ခတ်လာပါတယ်။ အစပိုင်းမှာ သစ်သားစားပွဲခုံကြီးတွေကြားထိုင်ချပြီး အကာအကွယ်ယူလိုက်ပေမယ့် ပိုလို့ပိုလို့ ပြင်းပြင်းထန်ထန် လှုပ်ယမ်းလာတာကြောင့် ကြမ်းပေါ်လိမ့်ပြေးနေတဲ့ ရေဘူးကြီးတွေ၊ စာရေးကိရိယာတွေကြားကနေပဲ အခန်းထဲက မနည်းပြေးထွက်ခဲ့ရပါတယ်။ အဆောက်အအုံအပြင်ထွက်တဲ့ တံခါးပေါက်အလွန်မှာ မိန်းကလေးတစ်ဦး ခြေထောက်ကျိုးပြီး လဲကျလို့နေတာကို ပြေးပွေ့ထူမထားကြပါတယ်။ ငလျင်က ရပ်မသွားဘဲ ပိုပြီး ကြမ်းကြမ်းတမ်းတမ်း ဆွဲခါလှုပ်ယမ်းနေတာမို့ အထပ်မြင့်က ကွန်ကရစ်တုံးတွေ ပြိုကျမလာနိုင်မယ့် နေရာလွတ်ကို ရှာဖွေနေရတဲ့ တစ်ချိန်တည်းမှာပဲ တစ်ဖက်ခြမ်းမှာ မြင်နေရတဲ့ သုံးထပ်ဆောင် ရုံးမကြီးရဲ့နံရံတွေပွင့်ထွက်ပြိုကျနေတာကို အထိတ်တလန့် မြင်တွေ့ခဲ့ရပါတယ်။

အဲဒီအချိန်ပေါ်လာတဲ့ တစ်ခုတည်းသောစိတ်က အထပ်မြင့်အိမ်မှာကျန်ခဲ့တဲ့ အိုမင်းမစွမ်း အဖေနဲ့အမေ ဘေးကင်းကြရဲ့လားဆိုတာပါပဲ။ ငလျင်က မရပ်မနား လှုပ်ခတ်နေဆဲမှာပဲ ရပ်တည်ရာတစ်နေရာကို ခြေချမိပြီဆိုတာနဲ့ ဖုန်းခလုတ်တွေကို အလောတကြီး နှိပ်ပြီး အိမ်ကိုဆက်သွယ်နေပေမယ့်လည်း အဆက်အသွယ်မရတဲ့အခါ ပူပန်ဖိစီးရတဲ့စိတ်က မျက်ရည်အဖြစ် စီးကျလာခဲ့ပါတယ်။ ဒါကတော့ ငလျင်ကြီးနဲ့ ကြုံတွေ့ရခြင်း တဒင်္ဂအဖြစ်အပျက်လေးပါ။

ဘေးအန္တရာယ်မှ လွတ်မြောက်လာပြီးတဲ့နောက် မြို့အနှံ့မျက်ဝါးထင်ထင် တွေ့မြင်ရတဲ့ ပျက်စီးမှုတွေဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော်က ရွှေဘိုမြို့မှာ နေထိုင်ခဲ့စဉ် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိတဲ့ ရွှေဘိုငလျင်နဲ့ ကြုံကြိုက်ခဲ့ဖူးတဲ့ ကျွန်မအတွက်တောင် တစ်သက်တာမှာ တစ်ခါမှ မကြုံခဲ့ဖူးတဲ့ အတိုင်းအဆပမာဏ ဖြစ်နေခဲ့ပါတယ်။

ယခု လှုပ်ခတ်ခဲ့တဲ့အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် သမိုင်းအမွေအနှစ် တံတားတွေ၊ အဆောက်အအုံတွေ တဝေါဝေါ ပြိုကျစေခဲ့ပါတယ်။ အထပ်မြင့် ကွန်ဒိုကြီးတွေ၊ တိုက်တာအိမ်ရာတွေကနေ နေ့ချင်းညချင်း အုတ်ခဲပုံကြီးတွေအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ ပြိုကျပျက်စီးမှုတွေကြားမှာ သက်ကြီးဝါကြီး ဆရာတော်ကြီးတွေ၊ စာဖြေကိုယ်တော်တွေ ပျံလွန်တော်မူတဲ့အကြောင်းကို ဖြေမဆည်နိုင်ဖွယ် ကြားသိခဲ့ရပါတယ်။ လုံခြုံစိတ်ချရဆုံး ခိုလှုံရာရယ်လို့ တစ်သက်လုံး မှတ်ယူထားကြတဲ့ ကိုယ့်အသိုက်အမြုံ ကိုယ့်အိမ်လေးတွေထဲမှာပဲ မိသားစုလိုက် ပိတ်မိသေဆုံးသွားကြသူတွေ၊ မိနစ်ပိုင်းလေးအတွင်းမှာပဲ မိဘမဲ့သွားရသူလေးတွေ၊ ရင်နှစ်သည်းချာ သားသမီးတွေကို အရူးတစ်ပိုင်း ရှာဖွေနေကြတဲ့ မိခင်၊ ဖခင်တို့ရဲ့ ပူပန်သောကတွေ၊ တစ်မိသားစုလုံးမှာ တစ်ယောက်တည်းသာ ကျန်ခဲ့ရသူတို့ရဲ့ ပဋ္ဌာမြေလူး ရင်နင့်စဖွယ်ဖြစ်ရပ်တွေ၊ ပိုင်ဆိုင်သမျှအားလုံးဆုံးရှုံးလို့ နေ့ချင်းညချင်း လမ်းဘေးရောက်ပြီး ဘဝပျောက်သွားကြသူတွေရဲ့ အဖြစ်တွေများစွာကို ရင်ထုမနာ ကြားသိရပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ဖိတ်ခေါ်မှုနဲ့အတူ ကမ္ဘာအနှံ့အပြားက နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Urban Search and Rescue Team–US&R) အများအပြားဟာ သဘာဝဘေးဒဏ်သင့်သူတွေကိုဖေးမကူနိုင်ဖို့နဲ့ ပိတ်မိနေသူတွေကို ရှာဖွေကယ်ထုတ်နိုင်ဖို့အတွက် မြန်မာနိုင်ငံကို အလျင်အမြန် ဝင်ရောက်လာကြပါတယ်။ ဘယ်လာရုစ်၊ ဘူတန်၊ တရုတ် (ဟောင်ကောင်နဲ့ ယူနန်အပါအဝင်)၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ တူကီယဲ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)၊ ဗီယက်နမ် အစရှိတဲ့ နိုင်ငံတွေက အစိုးရနဲ့ အစိုးရမဟုတ်တဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ဆေးကုသမှုအဖွဲ့တွေဟာ ခေတ်မီကူညီကယ်ဆယ်ရေးပစ္စည်းကိရိယာ အပြည့်အစုံ သယ်ဆောင်ပြီး ရောက်ရှိလာကြပါတယ်။ ပြည်တွင်းမှာရှိတဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တွေ၊ ပရဟိတ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ ငလျင်ဘေးပြီးလျှင်ပြီးချင်း သက်စွန့်ကြိုးပမ်း မရပ်မနား ရှာဖွေကယ်ဆယ်မှုတွေကို ပူးပေါင်း အကူအညီပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။



ဗီယက်နမ်ကယ်ဆယ်ရေးအဖွဲ့ ဈေးဝယ်နေသည်ကို မြန်မာပြည်မှ ဈေးဝယ်သူတစ်ဦးက ပိုက်ဆံကူရှင်းပေးနေသည့်မြင်ကွင်း။

Credit – VNExpress

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေရဲ့ Golden 72 hours rule အရ ဖြစ်ပွားအပြီး ၇၂ နာရီအတွင်း ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နိုင်ရင် အသက်ရှင်နေသူတွေကို အချိန်မီကယ်ထုတ်နိုင်ခြေ မြင့်မားတာဖြစ်လို့ အဲဒီအဖွဲ့တွေဟာ ငလျင်ဒဏ်အဓိကခံစားခဲ့ရတဲ့ နေပြည်တော်၊ မန္တလေးနဲ့ စစ်ကိုင်းမြို့တွေဆီ ခရီးရောက်မဆိုက်ပင် ချက်ချင်းဖြန့်ကြက်သွားရောက်ပြီး လုပ်ငန်းတွေ စတင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ငလျင်စတင်လှုပ်ခဲ့တဲ့ မတ်လ ၂၈ ရက်နေ့ကနေ ဧပြီလ ၈ ရက်နေ့အတွင်းမှာနိုင်ငံတကာ အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့တွေဟာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး လူပေါင်း ၆၅၃ ဦးကို အပျက်အစီးတွေအောက်က အသက်ရှင်လျက် ကယ်ဆယ်ပေးနိုင်ခဲ့ပါတယ်။

မြန်မာပြည်သူတွေအနေနဲ့လည်း ငလျင်ကြီးအပြီး အုတ်ခဲပုံ၊ ပြာပုံနဲ့ ဖုန်မှုန့်တွေကြားကနေ ကိုယ်စီနဲ့ မိသားစုတွေအတွက် ရတက်မအေး သောကပွေနေရတဲ့တိုင် နိုင်ငံတကာက လာရောက်ကြတဲ့ ကူညီကယ်ဆယ်ရေးအဖွဲ့တွေအပေါ် မြန်မာတို့ရဲ့အစဉ်အလာ ဖော်ရွေမှု၊ ကြင်နာမှု၊ ညှို့ဝတ်ကျေပွန်တတ်မှုနဲ့ ရိုးဂုဏ်တို့ကို မပျက်ယွင်းစေခဲ့ပါဘူး။ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေအနေနဲ့ မြန်မာပြည်သူတွေရဲ့ ကျေးဇူးတင်တတ်၊ ကျေးဇူးဆပ်လိုကြတဲ့ စိတ်ရင်းစစ်စစ်မှန်မှန်ကိုသာမက ရိုးသားဖော်ရွေ ပျူငှာတတ်ကြပုံတွေကို အံ့သြဘနန်း ထုတ်ဖော်ပြောကြားခဲ့ကြသလို သူတို့ရဲ့ဗီဒီယိုကင်မရာတွေနဲ့ မှတ်တမ်းရိုက်ယူကြတာ၊ လူမှုကွန်ရက်တွေမှာ မျှဝေကြတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

လူမှုကွန်ရက်တွေပေါ်က ဖြစ်စဉ်အချို့ကို လူအများ သိကြမှာပဲဖြစ်ပါတယ်။ ဈေးဝယ်ထွက်ကြတဲ့ ဗီယက်နမ်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ကို အသီးအရွက်သည် မြန်မာအမျိုးသမီးကြီးက ကျေးဇူးတင်စိတ်နဲ့ ကျွေးမွေးချင်တာကြောင့် ကျသင့်ငွေကို မယူလိုဘဲ ငြင်းဆန်နေတဲ့ဖြစ်ရပ်ဗီဒီယိုဖိုင်လေးက နိုင်ငံတကာပရိသတ်တွေကြားမှာ လူသိများ(viral) ခဲ့ပါတယ်။ ဗီယက်နမ်ရဲဘော်လေးက မြန်မာအမျိုးသမီးကြီးကို မြန်မာနဲ့ ဗီယက်နမ်ဆိုတာ မိသားစုဝင်တွေ ဖြစ်တာမို့ အခက်အခဲတွေကို အတူရင်ဆိုင်ရမှာပေါ့ဆိုပြီး အားမငယ်ဖို့ ချော့မော့ကာ အားပေးနေပုံလေးဟာ မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံအကြား အခွန့်ရှည်ကြာ တည်ရှိနေခဲ့တဲ့ မိတ်ရင်းဆွေချာဆက်ဆံရေးကို အကောင်းဆုံးထင်ဟပ်စေခဲ့ပါတယ်။

ဗီယက်နမ် ကယ်ဆယ်ရေးအဖွဲ့တွေနည်းတူပဲ အခြားနိုင်ငံတကာက ကယ်ဆယ်ရေးအဖွဲ့တွေအနေနဲ့လည်း သူတို့ဈေးဝယ်ထွက်ကြတဲ့အချိန်မှာ ဆိုင်ကြီး၊ ဆိုင်ငယ်မဟူ မြန်မာဆိုင်ရှင်တွေက ကျသင့်ငွေယူဖို့ငြင်းဆန်ပြီး လက်ဆောင်အဖြစ် ပေးလိုကြတာ၊ ဘေးမှာရပ်ကြည့်နေတဲ့ မြန်မာပြည်သူတွေက ဇွတ်ဝင်ပြီး ငွေရှင်းပေးကြတာတွေကို ကြုံကြရတဲ့အကြောင်း ပြန်ပြောင်းပြောပြကြပါတယ်။ ကုလသမဂ္ဂတာဝန်နဲ့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားကို ရောက်ခဲ့ဖူးတဲ့ နိုင်ငံခြားသားကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အချို့ကလည်း ဒါမျိုးဟာ မြန်မာနိုင်ငံမှာပဲ ကြုံတွေ့ဖူးတာပါလို့ တပြုံးပြုံးနဲ့ ပြောမဆုံးဖြစ်နေကြတာကို မျက်မြင်တွေ့ခဲ့ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံသားတွေရဲ့ စိတ်ထားကောင်းမှုနဲ့ ရက်ရောမှု မှတ်ကျောက်ဖြစ်သလို ရှာဖွေကယ်ဆယ်ရေးတာဝန်ကို ကိုယ်နိုင်တဲ့ဘက်က တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်တာလည်း ဖြစ်ပါတယ်လို့ ကျွန်မက ဖြည့်စွက်ရှင်းပြပေးခဲ့ပါတယ်။

အလားတူ မြန်မာပြည်ရဲ့ နွေနေပူဒဏ်ကို မခံနိုင်ကြတဲ့ နိုင်ငံတကာက ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေကို မြန်မာ့သနပ်ခါးတုံးကြီး တရွှမ်းရွှမ်းသွေးလို့ ဝိုင်းလိမ်းပေးနေကြတဲ့ မြင်ကွင်းကလည်း တစ်ဦးက မေတ္တာ၊ တစ်ဦးမှာ စေတနာ ရောင်ပြန်ဟပ်နေခြင်းပဲလို့ ပီတိဖြစ်ရပါတယ်။ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေကိုသာမက သူတို့နဲ့အတူလိုက်ပါလာတဲ့ ရှာဖွေရေးတပ်သား ခွေး K–9 လေးတွေ အပူလျှပ် အမောမဆို့အောင် ကာကွယ်ပေးနိုင်ဖို့ မြန်မာပြည်သူတွေက ရေဘူးတွေ၊ ရေခဲတွေ ရှာဖွေပေးကြ၊ ဝိုင်းဝန်းပြုစုပေးကြတာမျိုးကလည်း တသိမ့်သိမ့်ကြည်နူးဖွယ် အကြင်နာတရားတွေပဲ ဖြစ်ပါတယ်။

အပျက်အစီးတွေကြားထဲ ပြိုကျပိတ်မိသွားတဲ့ မိသားစုဝင်တွေကို အသက်ရှင်လျက် မခေါ်ထုတ်နိုင်ရင်သော်မှ ကြွင်းကျန်တဲ့ခန္ဓာကိုယ်ရအောင် ရှာဖွေသယ်ထုတ်ပေးခဲ့တဲ့အတွက် ကယ်ဆယ်ရေးအဖွဲ့တွေရဲ့ ကျေးဇူးတရားကို အခါခါဦးခိုက်ပြီး ဖော်ပြခဲ့ကြတဲ့ ရိုးသားလှတဲ့ မြန်မာ အဘိုး၊ အဘွား၊ အဖေ၊ အမေဖြစ်သူပေါင်းများစွာကြောင့်လည်း သူတို့ဟာ အစွမ်းရှိသမျှ၊ မနားမနေ ကြိုးပမ်းပေးခဲ့ကြပါတယ်။ ဒီလိုကြိုးစားရှာဖွေကယ်ဆယ်ပေးခဲ့ကြတဲ့ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့တွေကို အလွှာစုံမှ မြန်မာပြည်သူ ပြည်သားတွေက တတ်စွမ်းသမျှ အားတက်သရော ပြန်လည်ကူညီခဲ့ကြပါတယ်။

စာမျက်နှာ ၁၁ သို့ ❂

> ❝ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးဒဏ်က ဘယ်လောက်ပဲကြီးကြီး မြန်မာပြည်သူပြည်သားတွေရဲ့ ကြံ့ကြံ့ခံတဲ့စိတ်ဓာတ်၊ အခက်အခဲတွေကြားမှာပင် ပျောက်ပျက်သွားခြင်းမရှိတဲ့ ဖော်ရွေပျူငှာတဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့စရိုက်လက္ခဏာတွေကို မြန်မာနိုင်ငံကိုရောက်ရှိခဲ့ကြတဲ့ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့ဝင်တွေက မျက်မြင်ဒိဋ္ဌ သိမြင်ကြုံတွေ့ခဲ့ကြပါတယ်။ ဒစ်ဂျစ်တယ်ခေတ်ဖြစ်တာနဲ့အညီ သူတို့ကိုယ်တွေ့ သိရှိခံစားခဲ့ရတဲ့ မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းကို သူတို့ရဲ့ လူမှုကွန်ရက်တွေမှာ ဝေမျှခဲ့ကြပြီး နိုင်ငံတကာမှပြည်သူအများကလည်း စိတ်ဝင်တစားရှိခဲ့ကြပါတယ်။ အဲဒီဗီဒီယိုတွေဟာ ကျယ်ကျယ်ပြန့်ပြန့် လူသိများ(viral) ခဲ့ပါတယ်။ ဒါဟာ လူမှုအသိုက်အဝန်းအချင်းချင်းထိတွေ့ခြင်းမှ မြန်မာတို့ရဲ့ သိမ်မွေ့စွမ်းအား(Soft Power) ကို ဖော်ထုတ်နိုင်ခဲ့ခြင်းပဲဖြစ်❞

❂ စာမျက်နှာ ၁၀ မှ

နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့တွေ သွားလေရာ လိုက်ပါပြီး စကားပြန်လုပ်ပေးခဲ့တဲ့ ၁၂ နှစ်အရွယ် သမီးငယ်လေး၊ မရင်းနှီးတဲ့ရာသီဥတုဒဏ်ကြောင့် ပင်ပန်းကြရှာမယ့်သူတို့အတွက် ထမင်းချက်ပြုတ်ကျွေးမွေးကြ၊ ရေနဲ့အသီးအနှံတွေ ပေးပို့ကြတဲ့ မြန်မာစေတနာရှင်တွေဟာ လတ်တလော ကိုယ်စီရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဘေးချိတ်ပြီး ဧည့်ဝတ်ကျေပွန်ကြတဲ့ မြန်မာ့စိတ်ရင်းတွေပဲ ဖြစ်ပါတယ်။ ကယ်ဆယ်ရေးအဖွဲ့တွေ သူတို့ရဲ့ သက်ဆိုင်ရာ နိုင်ငံတွေကို ပြန်လည်ရောက်ရှိကြချိန်မှာလည်း နိုင်ငံတကာမှာရှိနေတဲ့ အဝေးရောက်မြန်မာတွေက တစ်ခဲနက်ကြိုဆိုကြပြီး ကျေးဇူးတင်မှုကို လှိုက်လှိုက်လှဲလှဲပြသကြတဲ့ ဗီဒီယိုတွေကြောင့်လည်း အဲဒီနိုင်ငံတွေမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအပေါ် အမြင်ကောင်းတွေ ရှိလာမယ်လို့ ယုံကြည်ယူဆမိပါတယ်။

ဒါတွေကြောင့် ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးဒဏ်က ဘယ်လောက်ပဲကြီးကြီး မြန်မာပြည်သူ ပြည်သားတွေရဲ့ ကြံ့ကြံ့ခံတဲ့ စိတ်ဓာတ်၊ အခက်အခဲတွေကြားမှာပင် ပျောက်ပျက်သွားခြင်းမရှိတဲ့ ဖော်ရွေပျူငှာတဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့စရိုက်လက္ခဏာတွေကို မြန်မာနိုင်ငံကို ရောက်ရှိခဲ့ကြတဲ့ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့ဝင်တွေက မျက်မြင်ဒိဋ္ဌ သိမြင်ကြုံတွေ့ခဲ့ကြပါတယ်။ ဒစ်ဂျစ်တယ်ခေတ် ဖြစ်တာနဲ့အညီ သူတို့ကိုယ်တွေ့သိရှိခံစားခဲ့ရတဲ့ မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းကို သူတို့ရဲ့ လူမှုကွန်ရက်တွေမှာ ဝေမျှခဲ့ကြပြီး နိုင်ငံတကာမှပြည်သူအများကလည်း စိတ်ဝင်တစားရှိခဲ့ကြပါတယ်။ အဲဒီဗီဒီယိုတွေဟာ ကျယ်ကျယ်ပြန့်ပြန့် လူသိများ(viral) ခဲ့ပါတယ်။ ဒါဟာ လူမှုအသိုက်အဝန်းအချင်းချင်း ထိတွေ့ခြင်းမှ မြန်မာတို့ရဲ့ သိမ်မွေ့စွမ်းအား(Soft Power) ကို ဖော်ထုတ်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

၁၉၈၀ ပြည့်နှစ်နှောင်းပိုင်းမှာ ဟားဗတ်တက္ကသိုလ်ပါမောက္ခ Joseph Nye စတင်ဖော်ထုတ်ခဲ့တဲ့ သိမ်မွေ့စွမ်းအား (Soft Power) ဆိုတာ **"မိမိလိုလားသည့်အရာကို အတင်းအကျပ် ဖိအားပေးခြင်း မဟုတ်ဘဲ ပြည်သူ၏ သဘောထားအမြင်ကို လွှမ်းမိုး၍ ပြောင်းလဲပုံဖော်ကာ ရရှိအောင်ဆောင်ရွက်နိုင်သည့် သိမ်မွေ့သော ဆွဲဆောင်အား"** ဖြစ်ပါတယ်။ Soft Power ရဲ့ အယူအဆ သဘောတရားအရ နိုင်ငံတစ်နိုင်ငံကို ပိုမိုရင်းနှီးကျွမ်းဝင်လာတာနဲ့ အမျှ အဲဒီနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ စံတန်ဖိုးတွေက တစ်ဖက်ပြည်သူလူထုအပေါ် လွှမ်းမိုးနိုင်ပါတယ်။ အလားတူ နိုင်ငံတစ်နိုင်ငံရဲ့ ကောင်းသတင်းကို သိရှိလာကြတဲ့အခါမှာလည်း နိုင်ငံတကာလူထုအကြားမှာ အဲဒီနိုင်ငံနဲ့ ပြည်သူတွေအပေါ် တလေးတစား ရှုမြင်လာကြမှာပဲ ဖြစ်ပါတယ်။



အိန္ဒိယကယ်ဆယ်ရေးအဖွဲ့နှင့်အတူလိုက်ပြီး စကားပြန်လုပ်ပေးနေသည့် မနန်းဒေဝီ။ Credit – STUN

Soft Power ဟာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အပြုအမူတွေကနေတစ်ဆင့်လည်း ပေါ်ထွက်လာနိုင်ပါတယ်။ ဥပမာအားဖြင့် ဂျပန်ပြည်သူတွေဟာ ဆူနာမီနဲ့ ပြင်းထန်လျှင်ကဲ့သို့ သဘာဝဘေးဒဏ်တွေနဲ့ ကြုံတွေ့ရတဲ့အခါတိုင်း အစားအသောက်ပေးဝေမှုတွေကို ပုံမှန်ကာလတွေအတိုင်းပင် တန်းစီရယူကြတာမျိုး၊ လုယက်ခိုးဝှက်မှု ကင်းမဲ့တာမျိုးစတဲ့ ဝိသေသလက္ခဏာတွေကိုဆက်လက်ထိန်းသိမ်းထားနိုင်တဲ့အတွက် သူတို့ရဲ့ စည်းကမ်းကျနမှုနဲ့ ကျင့်ဝတ်ခိုင်မာမှုတို့ကို နိုင်ငံတကာပြည်သူလူထုက လေးစားခဲ့ကြပါတယ်။ ဒါ့ကြောင့် ဂျပန်နိုင်ငံနဲ့ နိုင်ငံသားတို့ရဲ့ ပုံရိပ်ကလည်း ကောင်းမွန်ခဲ့ပါတယ်။ အဲဒီလိုပုံရိပ်ကောင်းကို နိုင်ငံသားတစ်ဦးချင်းစီက အသိစိတ်ဓာတ်ကိုယ်စီနဲ့ ထိန်းသိမ်းမြှင့်တင်ခဲ့တဲ့မကြာသေးမီက ဖြစ်ရပ်တစ်ခုမှာလည်း အတုယူဖွယ်ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်က ကာတာမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ဂျပန်အသင်း ရှုံးနိမ့်ခဲ့ပေမယ့် ဂျပန်ပွဲကြည့်ပရိသတ်တွေက ကွင်းအတွင်း ကျန်ရှိအမှိုက်တွေကို ရှင်းလင်းပြီးမှ ပြန်လည်ထွက်ခွာခဲ့တဲ့မြင်ကွင်း၊ ဘောလုံးအသင်းသားတွေက အဝတ်လဲခန်းကို သန့်ရှင်းသပ်ရပ်စွာ ပြန်လည်ထားရှိခဲ့တဲ့ မြင်ကွင်း၊ အိမ်ရှင်ကာတာကို အာရေဗီဘာသာဖြင့် ကျေးဇူးတင်စကားများ ချန်ထားခဲ့တဲ့ မြင်ကွင်းတွေကြောင့် ဂျပန်လူမျိုးတို့ရဲ့ စည်းကမ်းရှိမှုနဲ့ တာဝန်ယူတတ်မှုကို ကမ္ဘာတစ်ဝန်းက လူမှုကွန်ရက်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးခဲ့ကြပါတယ်။ ဒီလိုမျိုး နိုင်ငံတကာလူထုရဲ့အမြင်မှာ နိုင်ငံ့ပုံရိပ်ကောင်းကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့တဲ့ ဂျပန်အားကစားသမားနဲ့ သာမန်ဘောလုံးပွဲလာ ဂျပန်ပရိသတ်တစ်ဦးချင်းစီဟာ သံတမန်နိုင်ငံသားတွေ (Citizen Diplomats) ဖြစ်ကြလို့ပဲ ဖြစ်ပါတယ်။



မန္တလေးမြို့တွင် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ရုရှားအရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့မှ အထူးလေ့ကျင့်သင်ကြားထားသည့် ခွေး K-9 လေးကို ဒေသခံတစ်ဦးက ကျေးဇူးတင် ချစ်ခင်နေသည့်မြင်ကွင်း။ Credit – MC

ယနေ့ခေတ် သတင်းအချက်အလက် ချိတ်ဆက်မှု အားကောင်းတဲ့ကမ္ဘာကြီးမှာ လူကြည့်များတဲ့ (Viral) ဗီဒီယိုတစ်ခု၊ Tweet တစ်ကြောင်း၊ သတင်းတစ်ပုဒ်ဟာ နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံတကာပြည်သူလူထုရဲ့အမြင်ကို ကျယ်ပြန့်စွာ လွှမ်းမိုးနိုင်စွမ်း၊ ပြောင်းလဲနိုင်စွမ်း ရှိလာပါတယ်။ ပြည်သူလူထုရဲ့ အမြင်ကလည်း နိုင်ငံတွေအကြား ဆက်ဆံရေးနဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် သက်ရောက်မှုများစွာရှိနေပါတယ်။ နိုင်ငံ့ပုံရိပ်ကောင်းမွန်ပါမှ နိုင်ငံအချင်းချင်းနဲ့ ပြည်သူအချင်းချင်းဆက်ဆံမှု အထူးသဖြင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လုံခြုံရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ နည်းပညာစတဲ့ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွေမှာ ပိုမိုတွင်ကျယ်အားကောင်းလာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံ့ပုံရိပ် ကောင်းမွန်စေဖို့ မျက်မှောက်ခေတ် သံတမန်ရေးမှာ ထိပ်သီးအစည်းအဝေးတွေနဲ့ အစိုးရအဆင့် ညှိနှိုင်းဆွေးနွေးပွဲတွေ ကျင်းပရုံမျှနဲ့ မလုံလောက်တော့ဘဲ နိုင်ငံတကာမှ လူထုအလွှာပေါင်းစုံက နည်းလမ်းမျိုးစုံနဲ့ ထိတွေ့ဆက်ဆံကြဖို့ လိုအပ်လာပါတယ်။

ဒစ်ဂျစ်တယ်ခေတ်မှာ လူမှုကွန်ရက်တွေကတစ်ဆင့် သတင်းစီးဆင်းမှု အလွန်မြန်ဆန်တာကြောင့် နိုင်ငံတွေအကြား သံခင်းတမန်ခင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေမှာ အစိုးရမဟုတ်တဲ့ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေ (Non-state Actors) က လွယ်ကူတက်ကြွစွာ ပူးပေါင်းပါဝင်လာနိုင်ကြပါတယ်။ အခုလို အကျပ်အတည်းကာလအတွင်းမှာ လူသားဆန်မှုဟာ အထိရောက်ဆုံး သံခင်းတမန်ခင်း ဖြစ်လာခဲ့ပါတယ်။ နိုင်ငံသားတစ်ဦးချင်းစီရဲ့ စိတ်ရင်းစေတနာ၊ သဒ္ဓါတရားနဲ့ စိတ်ရင်းအတိုင်း ဆောင်ရွက်မှုတိုင်းဟာ နိုင်ငံရဲ့ပုံရိပ်ကောင်းကို ဖန်တီးပုံဖော်နေခြင်းပဲ ဖြစ်ပါတယ်။

အခု ဒစ်ဂျစ်တယ်ခေတ်ရဲ့ အကျိုးကျေးဇူး၊ လူမှုကွန်ရက်မှာပျံ့နှံ့ခဲ့တဲ့ပုံရိပ်တွေကြောင့် ငလျင်ဒဏ်ခံစားခဲ့ကြရတဲ့ မြန်မာတွေဟာ နိုင်ငံတကာက ကမ်းလင့်လာတဲ့လက်တွေ၊ ပေးအပ်လာတဲ့အထောက်အပံ့၊ အကူအညီတွေကို ရယူလိုခြင်းသက်သက်နဲ့ လက်ခံနေကြသူတွေမဟုတ်ဘူး၊ မိသားစုနဲ့ မိတ်ဆွေရင်းချာတွေ အချင်းချင်းကြားမှာသာရှိတဲ့ နွေးထွေးတဲ့ ခံစားချက်၊ ကျေးဇူးတင်တတ်တဲ့ စိတ်ရင်းတွေနဲ့ ထွေးပွေ့ခံယူကြသူတွေ ဖြစ်တယ်ဆိုတဲ့ပုံရိပ်ကို ပေါ်လွင်စေခဲ့ပါတယ်။ စေတနာကို မေတ္တာနဲ့တုံ့ပြန်တတ်သူတွေပါလားဆိုပြီး သိရှိသွားစေပါတယ်။ မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းဟာ အဆိုးထဲမှ အကောင်း၊ နွံထဲမှကြာလို ထွက်ပေါ်လာခဲ့ပါတယ်။

သံတမန်နိုင်ငံသားများ (Citizen Diplomats) ဆိုတာဟာ နက်ကတိုင်ဝတ်၊ သားရေဖိနပ်ပြောင်နေအောင်စီးထားပြီး ကြော့ကြော့မော့မော့နဲ့ အင်္ဂလိပ်စကားကို စမတ်ကျကျပြောကာ စေ့စပ်ညှိနှိုင်းဆွေးနွေးပွဲတက်နေသူတွေကို ဆိုလိုတာမဟုတ်ပါဘူး။ ကိုယ့်နိုင်ငံသားတွေ ဒုက္ခသုက္ခကြုံတွေ့နေချိန် အကူအညီပေးနေကြတဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေကို ကိုယ်ချင်းစာ၊ ကြင်နာတဲ့စိတ်ရင်းနဲ့ ရေခဲထုပ်၊ ရေခဲရေတွေကို ဖိနပ်မပါ ခြေဗလာနဲ့ အပြေးလိုက်ဝေပေးကြတဲ့ စေတနာရှင်တွေဟာ Citizen Diplomats တွေပါ။ ကိုယ့်ချွေးနဲ့စာကို မငဲ့၊ ရှိစုမဲ့စု ကုန်လေးတွေ ရက်ရောစွာ လက်ဆောင်ပေးချင်ခဲ့ကြတဲ့ ဈေးသည်ကြီးတိုင်းက Citizen Diplomats တွေပါ။ သောကအပူမီးတွေကြားကပဲ ကျေးဇူးတင်စိတ်ကို ဘာနဲ့မှ မဖော်ပြနိုင်တော့လို့ ရိုးရာဓလေ့အရ အမြင့်ဆုံးဂါရဝအဖြစ် လက်အုပ်ချီဦးချကြတဲ့ တောသူတောင်သားတွေဟာ မြန်မာရဲ့ Citizen Diplomats တွေပါ။ ဒါတွေဟာ ဘယ်သံခင်းတမန်ခင်း သင်ရိုးစာအုပ်မှာမှ ပြဋ္ဌာန်းမထားတဲ့ ပြည်သူတွေရဲ့ရင်ထဲ အသည်းထဲကလာတဲ့ ကြင်နာချစ်ခြင်းသံခင်းတမန်ခင်းတွေပါ။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းမတည်ငြိမ်မှုနဲ့ လူမှုစီးပွား အခက်အခဲတွေ၊ နယ်စပ်ဒေသတွေမှာ ဖြစ်ပွားနေတဲ့ အခက်အခဲ အကျပ်အတည်းစတာတွေကိုအကြောင်းပြုပြီး နိုင်ငံတကာမျက်နှာစာပေါင်းစုံမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကျဆင်းစေဖို့ ပုံဖော်နေမှုတွေဟာ အတော်ပင်ခရီးရောက်ပြီး ကမ္ဘာ့မီဒီယာတွေမှာ နေရာယူလျက်ရှိနေတာကြောင့် နိုင်ငံတကာပြည်သူလူထုတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှု၊ ချစ်စဖွယ်ဓလေ့နဲ့ အစဉ်အလာတွေကို သိရှိမှု အလွန်နည်းပါးပါတယ်။

အခုအခါမှာတော့ ပြည်သူအချင်းချင်း၊ အသိုက်အဝန်းအချင်းချင်း ထိတွေ့ခြင်းမှသည် မြန်မာ့ရှုခင်း၊ မြန်မာ့စိတ်ရင်းကို ကမ္ဘာကမြင်တွေ့ခဲ့ကြပါပြီ။ မြန်မာရဲ့နာကျင်ခံစားမှုတွေကိုသာမဟုတ်ဘဲ မြန်မာပြည်သူပြည်သားတွေရဲ့ ချစ်ခြင်းမေတ္တာ၊ အားအင်နဲ့ ကြံ့ကြံ့ခံနိုင်တဲ့ စိတ်ဓာတ်ကိုပဲ ဖြစ်ပါတယ်။ ပြာပုံထဲက ဖီးနစ်ငှက်လို နိုးထနိုင်မယ့်စိတ်နေစိတ်ထားတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားတစ်ဦးချင်းစီအနေနဲ့ မြန်မာတို့ရဲ့အစဉ်အလာ ကျေးဇူးသိတတ်မှု၊ ကိုယ်ချင်းစာတရားရှိမှု၊ လှိုက်လှဲဖော်ရွေတတ်မှု၊ ဧည့်ဝတ်ကျေပွန်တတ်မှုနဲ့ ရိုးဂုဏ်စတဲ့ အကျင့်စရိုက်လက္ခဏာတွေကို ဆက်လက်ထိန်းသိမ်းပြန့်ပွားစေရင်း နိုင်ငံရဲ့ပုံရိပ်ကောင်းကို Citizen Diplomacy နဲ့ ဆက်လက်ထိန်းသိမ်း မြှင့်တင်ကြပါစို့လို့ တိုက်တွန်းရေးသားအပ်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည်ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အချို့၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုအပေါ် မြန်မာနိုင်ငံရှိ UN အဖွဲ့အစည်းများကလည်း တတ်နိုင်သမျှ ကူညီကယ်ဆယ်ဆောင်ရွက်နေမှု၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးပေါင်း၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် UNHCR အနေဖြင့် ယင်းလုပ်ငန်းစဉ်အပေါ် ကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ UNHCR ၏ ဒေသခန့်ဝန်ထမ်းစာရင်းများ ပြန်လည်ပြုစုပေးပို့နိုင်ရေးနှင့် ၎င်းတို့၏ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေး တင်ပြဆောင်ရွက်ရမည့်အစီအစဉ်၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား ရင်းနှီးပွင့်လင်းစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနဝင်းရှေ့ ယာဉ်ရပ်နားနေရာများ၌ ငလျင်ဒဏ်ခံရသည့် ဝန်ထမ်းများအတွက် ယာယီနေရာချထားနိုင်ရေး အခန်းများဖွဲ့စည်းတည်ဆောက်ပြီးစီးမှုနှင့် ပြောင်းရွှေ့နေထိုင်မှုအခြေအနေကိုလည်းကောင်း၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနရုံးအနီး ရုံးဖွင့်လှစ်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများနေထိုင်နိုင်ရန် ကွန်တိန်နာ Box များ တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်တပ်ဆင်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာနရုံးဘေးရှိ ယာဉ်ရပ်နားနေရာများ၌ ဝန်ထမ်းများနေထိုင်နိုင်ရန် အခန်းများဖွဲ့စည်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**စစ်ကိုင်း မေ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်သင့်ဝန်ကြီးဌာနအောက်ရှိ ဌာန၊ လုပ်ငန်းများမှ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မေ ၁၀ ရက်က ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းမြို့ရှိ သစ္စာတွင်း ဦးစီးဌာန ဆားလုပ်ငန်းရုံးသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ရုံးအဆောက်အအုံ၊ ဧည့်ရိပ်သာ၊ ဝန်ထမ်းနေအိမ်များနှင့် ပြိုကျပျက်စီးသွားသော ဂိုဒေါင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ပြိုကျပျက်စီးသွားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ယာယီရုံးအဆောက်အအုံ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးပြီး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ယာယီရုံးတည်ဆောက်ရန် မြေနေရာရွေးချယ်ထားမှုနှင့် အချိန်မီတည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန ခရိုင်နှင့်မြို့နယ် ဝန်ထမ်းအိမ်ရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် နေအိမ်များ ထိခိုက်ပျက်စီးသွားမှု အခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။ ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်ရုံးများသို့ သွားရောက်၍ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်သူရဦးဘိုနီနှင့် ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေတို့သည် မေ ၁၀ ရက်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများသည် တက္ကသိုလ်အတွင်း ငလျင်ဒဏ်ကြောင့် သင်တန်းခန်းမများ၊ သင်တန်းစာသင်ဆောင်များ၊ သင်တန်းစားရိပ်သာများနှင့် ရုံးဌာနများ၏ ထိခိုက်ပျက်စီးမှုအခြေအနေ၊ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**စိတ်ခွန်အားမြှင့်တင်ပေး**

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ် အစည်းအဝေး ခန်းမတွင် တက္ကသိုလ်မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသော အဆောက်အအုံများမှ အပျက်အစီးများအား ကျွမ်းကျင်သူများဖြင့် စနစ်တကျစစ်ဆေးဖယ်ရှားရန်၊ အချိန်မီပြင်ဆင်ရေး၊ ပြင်ဆင်မှုဆောင်ရွက်ရာတွင် သတ်မှတ်ထားသော ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များနှင့်အညီ အပြည့်အဝစံချိန်မီဆောင်ရွက်ရေး၊ ဝန်ထမ်းများ ဘေးအန္တရာယ်မရှိစေရေး၊ သဘာဝဘေးဒဏ်တိုက်လေ့ကျင့်မှုများပြုလုပ်ရေး၊ သင်တန်းများ ဖွင့်လှစ်ချိန်တွင် အန္တရာယ်ရှိနိုင်သော အဆောက်အအုံများတွင် အသုံးမပြုဘဲ စိတ်ချရသော အဆောက်အအုံများအား အသုံးပြုရေး၊ ဝန်ထမ်းနှင့်မိသားစုများ စိတ်ခွန်အား မြှင့်တင်ပေးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ယနေ့နံနက်ပိုင်းက တက္ကသိုလ်ရှိ ရတနာခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကျောက်ဆည်မြို့နယ်ရှိ ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံနှင့် သာစည်မြို့နယ်ရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၀ ရက်မွန်းလွဲပိုင်းတွင် ပုဂ္ဂလိကပိုင်အနေဖြင့် ဓာတ်အားထုတ်လုပ်လျက်ရှိသော ကျောက်ဆည်မြို့နယ်ရှိ ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံနှင့် သာစည်မြို့နယ်ရှိ သပြေဝနှင့် သာစည် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဂ္ဂလိကပိုင်အနေဖြင့် ဓာတ်အားထုတ်လုပ်လျက်ရှိသော ကျောက်ဆည်မြို့နယ်ရှိ Powergen Kyaukse Co.,Ltd. ၏ ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံ၌ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် ဓာတ်အားပေးစက်ရုံ အဆောက်အအုံများ အက်ကွဲခြင်း ဖြစ်ပေါ်ခဲ့မှု၊ ဓာတ်အားပေးစက်များ ရွေ့လျားသွားမှု၊ စက်ပိုင်းဆိုင်ရာပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု၊ Switch Yard အတွင်း ထရန်စဖော်မာများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ စက်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပြန်လည်ထုတ်လုပ်ပေးနိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ပြုပြင်ပြီးစီးနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံအတွင်းရှိ စက်ရုံအဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှု၊ Gas Engine ဓာတ်အားပေးစက် ရှစ်လုံး အထိုင်များရွေ့လျားသွားမှု၊ စက်များအတွင်းမှ ဆီများယိုစိမ့်နေမှု၊ Gas Engine Generator များ ထိခိုက်ခဲ့မှု၊ Switch Yard အတွင်း ထရန်စဖော်မာများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ စက်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု၊ Fire Fighting System ထိခိုက်ပျက်စီးခဲ့မှုနှင့် ပျက်စီးသွားသည့် စက်ပစ္စည်းများ ပြန်လည်တပ်ဆင်နိုင်ရန် စစ်ဆေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ဆည်မြို့နယ်ရှိ Powergen Kyaukse Co.,Ltd.၏ ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင် ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံ၏ ပျက်စီးသွားသော စက်အစိတ်အပိုင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ဓာတ်အားပေးစက်များအားလုံး ပုံမှန်အတိုင်း ပြန်လည်ထုတ်လုပ်နိုင်ရန် အနည်းဆုံးအချိန် လေးလခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဂ္ဂလိကပိုင်အနေဖြင့် ဓာတ်အားထုတ်လုပ်လျက်ရှိသော သာစည်မြို့နယ်ရှိ Clean Power Energy Co.,Ltd. ၏ သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် သပြေဝနှင့် သာစည် ဆိုလာစက်ရုံများရှိ ဆိုလာတန်းများ၊ ဆိုလာတိုင်များ၊ ဆိုလာချပ်များ၊ Pile Cap Foundation များ၊ ဆက်သွယ်ထားသောကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု၊ လက်ရှိအချိန်ထိ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ရန်ကျန်ရှိသည်များကို သတ်မှတ်အချိန်အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဂ္ဂလိကပိုင်အနေဖြင့် ဓာတ်အားထုတ်လုပ်လျက်ရှိသော Great Success Energy Co., Ltd. ၏ သာစည် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ငလျင်ဘေးဒဏ်ကြောင့် မြေများချိုင့်ဝင်သွားခြင်း၊ Transmission Line Pole No. 131 ၏ Footing ကွဲအက်ခြင်း၊ ဓာတ်အားကြိုးများ ပျက်စီးခြင်း၊ Solar Pannal များ တပ်ဆင်နိုင်ရန် တိုးချဲ့တည်ဆောက်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများထုတ်လုပ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ သုံးရုံတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ပြီး ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ပျက်စီးမှုကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများအား ရာနှုန်းပြည့်ပြီးစီး၍ ၉၀ မဂ္ဂါဝပ် ပြန်လည်ထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိ ငလျင်ဒဏ်သင့်ရုံး၊ အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့

**နေပြည်တော် ဧပြီ ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မတ် ၂၈ ရက်၌ ဖြစ်ပွားခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိ ရုံး၊ အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ နိုင်ငံတော်က ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဝန်ထမ်းများအား ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများအား ဆန်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ ပြင်ဦးလွင်မြို့ရှိ သိပ္ပံနှင့်နည်းပညာဌာနများ၌ ဝန်ထမ်းများအား အားပေးထောက်ပံ့

**နေပြည်တော် ဧပြီ ၁၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် အနည်းငယ်မျှသာ ထိခိုက်ပျက်စီးခဲ့သည့် ပြင်ဦးလွင်မြို့ရှိ သိပ္ပံနှင့်နည်းပညာဌာနများကို ဧပြီ ၉ ရက်က ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးထောက်ပံ့သည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန မော်တော်ယာဉ်နည်းပညာသုတေသနဌာနသို့ ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်လျက်ရှိသော EV ဆိုင်ရာ သင်တန်းများ၊ သုတေသနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများကို ဆန်များ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)ပင်မဆောင်တွင် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ဆန်များ၊ စားသောက်ဖွယ်ရာ များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုက်ဘာစီတီး)သို့ရောက်ရှိပြီး ပင်မဆောင်၊ စာသင်ဆောင်များ၊ လက်တွေ့ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား အိပ်ဆောင်များတွင် အနည်းငယ်မျှ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ကျောင်းဖွင့် ကာလအမီ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို အားနည်းချက်များမရှိစေဘဲ သတ်မှတ်စံနှုန်းများနှင့်အညီ ထိရောက်စွာ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ၎င်းတို့၏ လက်ဝယ်အရောက် ဆန်များ၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် 2025, the Year of Myanmar Energy အကောင်အထည်ဖော်နိုင်မှုအား သုံးသပ်ခြင်းအခမ်းအနားသို့တက်ရောက်



နေပြည်တော် မေ ၁၁

စွမ်းအင်ဝန်ကြီးဌာန၏ 2025, the Year of Myanmar Energy အကောင်အထည်ဖော်နိုင်မှုအား သုံးသပ်ခြင်းအခမ်းအနားကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများအပြင် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ရေနံမြေ၊ စက်ရုံများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း/အမှုထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာန စတင်တည်ထောင်ခြင်း နှစ်(၄၀) ပြည့် ပတ္တမြားရတုကျရောက်သည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ 2025, the Year of Myanmar Energy ဆောင်ပုဒ်နှင့်အညီ ပထမသုံးလအတွင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုများအနေဖြင့် အလားအလာကောင်းသည့် ရေနံမြေသစ်များရှာဖွေနိုင်ခဲ့ခြင်း၊ သက်တမ်းရင့်ရေနံမြေများရှိ ပါးလွှာသဲကြောများတွင် ခေတ်မီနည်းပညာအသုံးပြု၍ လေ့လာသုတေသနပြုလုပ်ပြီးဆောင်ရွက်ခဲ့ရာမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ ကုန်းတွင်းရေနံမြေများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအား Standard Well (နည်းစနစ်ကျတွင်း) များ တူးဖော်နိုင်ရေးစတင်ဆောင်ရွက်ခြင်း၊ ရေနံချက်စက်ရုံအသစ်တည်ဆောက်ခြင်းနှင့် ဓာတ်မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြည်တွင်းထုတ် RON 68 ဓာတ်ဆီအား ချိုသာသောဈေးနှုန်းဖြင့် သုံးစွဲသူများအား တိုက်ရိုက်ရောင်းချပေးနိုင်ခြင်း၊ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းအတွက်တိုးရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကုမ္ပဏီနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးဒဏ်ခံစားခဲ့ရသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၆၀၉ ဦးနှင့် မိသားစုဝင်များအတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၁၆၀၉ သိန်းကို ဒုတိယအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများအား နှစ်သစ်ကူးအတာရေများ ပက်ဖျန်းပြီး နှစ်သစ်ဆုမွန်များပေး၍ အေးချမ်းသည့်သင်္ကြန်ကို ဆင်နွှဲခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်လယ်ပြာ(လူပျိုဆောင်)၊ ယာယီကယ်ဆယ်ရေးစခန်း အမှတ်(၁)၊(၂) တို့အား သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာကော်မတီများမှ တင်ပြချက်အပေါ် ယာယီတည်းခိုဆောင်များအား အမြန်ဆုံးတည်ဆောက်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများအား စနစ်တကျ ထိထိရောက်ရောက်ဖြန့်ဝေပေး၍ စခန်းအတွင်း နံနက်စာ၊ ညစာ စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအားအားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး ပညာရေးဝန်ထမ်းများအား ထောက်ပံ့ပေးအပ်



နေပြည်တော် မေ ၁၁

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အမှတ်(၃)၊ အမှတ်(၅)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောက်ချပ်အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျောင်းဝင်းအတွင်းရှိ အုတ်တံတိုင်း၊ ကျောင်းဆောင်စသည်များကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့်ပညာရေးဝန်ထမ်း ဆရာ ဆရာမများနှင့် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း တက်ရောက်နေသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ပြင်းထန်သည့်ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံးပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့်ပညာရေးဝန်ထမ်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနေပါကြောင်း၊ လာမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ချိန်အမီ ကြိုတင်လုပ်ဆောင်ရမည့်လုပ်ငန်းကို ပြင်ဆင်ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိအောင် အားလုံး လက်တွဲညီညီဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ငလျင်ဒဏ်သင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လယ်ဝေးမြို့နယ် သော်မှော်ကုန်းစံပြကျေးရွာသို့ သွားရောက်စစ်ဆေး



နေပြည်တော် မေ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာသို့ သွားရောက်ပြီး မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြည်လုံးချမ်းသာဘုရားကြီး ထိခိုက်ပျက်စီးမှုအား ဖူးမြော်ကြည့်ရှုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွေ့လျားရေသန့်စင်ကားဖြင့် အထိုင်ချ၍ သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် သော်မှော်ကုန်းစံပြကျေးရွာ၌ သောက်သုံးရေအတွက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ပေးထားသော အမြင့်တင်ရေစင်ကြံ့ခိုင်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ဝက်မွေးမြူရေးသမဝါယမအသင်း၏ DYL မျိုး ဝက်မွေးမြူထားမှုကို လည်းကောင်း၊ နွားမွေးမြူရေးသမဝါယမအသင်း၏ နို့စားနွားမွေးမြူရေးလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သမဝါယမဦးစီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများ ယာယီ တည်းခိုနေထိုင်သော လယ်ဝေးမြို့ မဟာစည်သာသနာ့ရိပ်သာသို့ သွားရောက်ပြီး အလှူရှင်များ လှူဒါန်းထားသော ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ မိုးလုံလေလုံဖြင့် စနစ်တကျထားရှိမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးက ငလျင်ဒဏ်သင့် ဝန်ထမ်း တစ်ဦးချင်းစီအတွက် ဆန်ခြောက်ပြည်အိတ်နှင့် ဆီတစ်ပိဿာစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် သာစည်မြို့ရှိ ဦးဇော်နိုင်ဝင်း - ဒေါ်သီတာမြင့် ပိုင်ဆိုင်သော အဆောက်အအုံပြိုကျပျက်စီးမှုအတွက် အာမခံလျော်ကြေးငွေကျပ် ၁၉ သန်းကို မြန်မာ့အာမခံလုပ်ငန်းက မေ ၁၁ ရက်က ပေးအပ်စဉ်။

ကိုတွတ်(ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည်မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် Air China လေကြောင်းမှ လေယာဉ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့် ခြင်ထောင်များ၊ မိုးကာစများနှင့် လူသုံးကုန်၊ စားသောက်ကုန်များ စုစုပေါင်း ၁၄၅၆၂ထုပ်၊ ၉၀၈၉၃ Kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Economic& Commercial Counsellor ဖြစ်သူ Mr.Ou Yang Daobing နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြသည်။



ဆက်လက်၍ ဘရူနိုင်းနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသည့် ဘုရူနိုင်းတပ်မတော်လေယာဉ်သည် ယနေ့မွန်းလွဲ ၃နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ယင်းလေယာဉ်ဖြင့်အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆိုလာမီးအိမ်များ၊ အိပ်ရာလိပ်များ၊ စောင်များ၊ မိုးကာစများ စုစုပေါင်းအထုပ် ၁၀၈၀၊ ၂၇၄၉ kg ပါရှိပြီး ရန်ကုန်မြို့သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လျင်ဒဏ်ကြောင့်ဒဏ်ရာရရှိသူများအတွက် စေတနာရှင်အလှူရှင်များက သွေးအိတ်များပေးပို့လှူဒါန်း

**နေပြည်တော် မေ ၁၁**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ဒဏ်ရာရရှိခဲ့သော လူနာများအတွက် ရည်ရွယ်၍ လှူဒါန်းသော သွေးအိတ်များကို သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်) သို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လွှဲပြောင်းလှူဒါန်းပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များ၊ လူမှုရေးပရဟိတနှင့် ကယ်ဆယ်ရေး အသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့များ၊ တက္ကသိုလ်/ကောလိပ်များမှ အလှူရှင်များက ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာများအတွက် လှူဒါန်းကြပြီး မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ စနစ်တကျစစ်ဆေး အတည်ပြုထားသည့် သွေးအိတ်ပေါင်း ၄၀၀ ကို မန္တလေးပြည်သူ့ဆေးရုံသို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်နိုင်ရန် သွေးဖောင်ဒေးရှင်း(ကချင်ပြည်နယ်)မှ တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ရှိ မြို့နယ်စာရေးဆရာအသင်းများနှင့် တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) သည် ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ လူထုအခြေပြု ဗဟိုဌာန (တောင်ကြီး)၌ တောင်ကြီး၊ ညောင်ရွှေနှင့် ကလောမြို့နယ် စာရေးဆရာအသင်းများနှင့် တွေ့ဆုံသည်။

ဦးစွာ အသင်းဥက္ကဋ္ဌက အသင်း၏ လက်ရှိဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အလှူငွေလှူဒါန်းခဲ့မှုနှင့် ငလျင်ဘေးဒဏ်ခံစားခဲ့ရသော မြန်မာနိုင်ငံစာရေးဆရာ အသင်းဝင်များအတွက် ကူညီထောက်ပံ့မည့် ကိစ္စများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ကြရသော ပြည်သူများကို စာနာ နားလည်သောအားဖြင့် စိတ်ဓာတ်ခွန်အား ဖြစ်စေမည့် စာပေများရေးသား၍ အားပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့မြို့နယ်အသင်းအလိုက် စာပေရေးရာကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး အသင်းဥက္ကဋ္ဌနှင့် မြို့နယ် အသင်းဝင်များသည် တောင်ကြီးမြို့တွင် နေထိုင်သော မြန်မာနိုင်ငံ စာရေးဆရာအသင်း ကန်တော့ခံသက်ကြီး စာပေပညာရှင် အသက်(၉၃)နှစ်ရှိ စာရေးဆရာကြီး (ဦး) သိန်းသန်းထွန်းနှင့် ဇနီးစာရေးဆရာမကြီး အင်းလေးသန္တာခင်တို့၏ နေအိမ်သို့ သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ASEAN - China Media and Think Tank Forum သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မေ ၁၁**

ASEAN – China Media and Think Tank Forum ဖွင့်ပွဲကို ယနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ InterContinental ဟိုတယ်၌ ကျင်းပသည်။

ဖိုရမ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ မီဒီယာကဏ္ဍဆိုင်ရာအဖွဲ့အစည်း ၁၆၀ ကျော်မှ ကိုယ်စားလှယ် ဦးရေ ၂၅၀၊ အစိုးရဌာနများနှင့် လုပ်ငန်းများမှ Think Tank အဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် Myanmar Institute of Strategic and International Studies မှ ဥက္ကဋ္ဌ ဦးသန့်ကျော်၊ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံဆက်သွယ်ရေးဝန်ကြီး၊ ဆင်ဟွာသတင်းဌာနမှ အယ်ဒီတာချုပ်နှင့် China Communications Construction Company မှ ဒုတိယ အထွေထွေမန်နေဂျာတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဖိုရမ်တွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံများအကြား ငြိမ်းချမ်းသော ဖွံ့ဖြိုးမှုကို ရရှိရန် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဆက်သွယ်မှုသည် အရေးကြီးပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို အထောက်အပံ့ပေးနိုင်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားသည် တရုတ်နိုင်ငံ ဒေသတွင်းသာမက ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းဖြစ်သည့် ပင်လယ်ရေကြောင်း ပိုးလမ်းမနှင့် အာဆီယံနိုင်ငံများနှင့် တောင်အာရှဆက်သွယ်ရေးအတွက် အချက်အချာကျပါကြောင်း။

သို့သော် မြန်မာနိုင်ငံတွင် မကြာသေးမီက လှုပ်ခတ်သွားသော မန္တလေးငလျင်ကြီးကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့များက ပြန်လည်ကုစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိတ်ဖက်နိုင်ငံများ၏ အကူအညီများကို လှိုက်လှဲစွာကြိုဆိုပြီး ကူညီဆောင်ရွက်ပေးမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဖိုရမ်တွင် ဆွေးနွေးကြသည့် AI နည်းပညာနှင့်ပတ်သက်၍ အခွင့်အလမ်းများတည်ရှိသကဲ့သို့ သတိပြုကိုင်တွယ်ရမည့် အခြေအနေများလည်း တည်ရှိနေပါကြောင်း ဆွေးနွေးပြောကြားသည်။

ဖိုရမ်အတွင်း ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်ခြင်း၊ ငြိမ်းချမ်းသော ဖွံ့ဖြိုးမှုအတွက် လမ်းကြောင်းအသစ်တစ်ခုရေးဆွဲပြီး ပင်လယ်ရေကြောင်းပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ AI နည်းပညာကို အသုံးပြု၍ အခွင့်အလမ်းများ ရှာဖွေခြင်းစသည့် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးခဲ့ကြပြီး အာဆီယံ–တရုတ် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၁၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်းရပ်ကွက်ရှိ သဒ္ဓမ္မပါလကျောင်းတိုက်နှင့် ဇိနောဒယပရိယတ္တိစာသင်တိုက်များသို့ သွားရောက်၍ သံဃာတော်များအား အရုဏ်ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်၍ သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးမှု အခြေအနေများနှင့် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်နေမှု အခြေအနေများကို လျှောက်ထားကာ ဆရာတော်များထံမှ ဩဝါဒများ နာခံကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီအတွင်း သာသနိကအဆောက်အအုံများ၌ အပျက်အစီး ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုကြည့်ရှုပြီး ရန်နိုင်ရပ်ကွက်နှင့် ပါရမီရပ်ကွက်များရှိ ငလျင်ဒဏ်သင့် ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။ ၎င်းနောက် စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်း၌ ကုန်တင်ယာဉ်ကြီးများ ဇက်ဆိပ်မှ ဖြတ်သန်းသွားလာမှုများ၊ ပို့တန်းရပ်ကွက်ရှိ ထူပါရုံစေတီ၊ တကောင်းရပ်ကွက်ရှိ မဟာစေတီ၊ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီနှင့် ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီးစေတီများရှိ သာသနိကအဆောက်အအုံများ၊ အရံစေတီများ ပြိုကျပျက်စီးမှုနှင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။ ယင်းနောက် ပို့တန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယာယီကျောင်းဆောင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သောတပန်းရပ်ကွက် သံပုဏ္ဏာရာမကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးသင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့ရိုးနေရာ၊ Sky Villa နေရာ၊ အောင်မြေသာစံမြို့နယ်ရှိ စန္ဒာမုနိဘုရား၊ မဟာမုနိဘုရားကြီးတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်တို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။ ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ငလျင်ဒဏ်သင့်နေရာများရှိ အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံ၌ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စုပေါင်းသွေးလှူဒါန်းပွဲသို့ သွားရောက်၍ သွေးအလှူရှင်များနှင့် ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကျောက်ဆည်မြို့ ပြည်လုံးနိုင်ဗလီ၊ ကံဦးဗလီနှင့် ဆူးလေကုန်းဗလီတို့၌ အပျက်အစီးများ ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ခရိုင်တရားရုံးတို့အား အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ အမှုတွဲများ စနစ်တကျထားရှိမှု၊ လုပ်ငန်းများ အဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ယာယီမိုဘိုင်းဆက်သွယ်ရေးစခန်းများ၊ ယာယီရွေ့လျားဆက်သွယ်ရေးတိုင်များ အသုံးပြု၍ ဆက်သွယ်ရေးအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၁

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၆၀၀၀ ကျော်ရှိသည့်အနက် စခန်းပေါင်း ၆၇၃၀ ကျော် ဆက်သွယ်မှုပြတ်တောက်ခဲ့သည်။

ဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်စေရေး အော်ပရေတာများ၏ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုကြောင့် ဧပြီ ၁၁ ရက်တွင် စခန်းပေါင်း ၆၄၀၀ ကျော် ပြန်လည်ကောင်းမွန်လာပြီး နေပြည်တော်နယ်မြေရှိ မိုဘိုင်းစခန်းများ၏ ၉၈ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးရှိမိုဘိုင်းစခန်းများ၏ ၉၄ ရာခိုင်နှုန်းကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မိုဘိုင်းစခန်းများ၏ ၉၆ ရာခိုင်နှုန်းကျော် ဆက်သွယ်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့အတွင်း တပ်ဆင်အသုံးပြုလျက်ရှိသော မိုဘိုင်းဆက်သွယ်ရေးစခန်းအချို့သည် အထပ်မြင့်အဆောက်အအုံများပေါ်တွင် Roof Top တာဝါများ တပ်ဆင်ထားခြင်းဖြစ်သဖြင့် အဆောက်အအုံများ ချို့ယွင်းခြင်းကြောင့် လည်းကောင်း၊ ပြိုကျပျက်စီးခြင်းကြောင့် လည်းကောင်း ပြတ်တောက်ခဲ့ရခြင်းဖြစ်ရာ အဆိုပါ မိုဘိုင်းစခန်းများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်ရာတွင် အချိန်အတိုင်းအတာတစ်ခုအထိ အချိန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် အဆိုပါ မိုဘိုင်းစခန်းများ အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော ပြည်သူများ ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် နေရာအခြေအနေပေါ်မူတည်၍ သစ်ပင်များတွင် ဆက်သွယ်ရေးပစ္စည်းများတပ်ဆင်ကာ ယာယီမိုဘိုင်းဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ယာယီရွေ့လျားဆက်သွယ်ရေးတိုင်(Cell on Wheel, CoW)များကို အသုံးပြု၍ ဆောင်ရွက်ပေးခြင်းတို့ဖြင့် အများပြည်သူ ဆက်သွယ်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အိမ်အရောက် အင်တာနက်ဝန်ဆောင်မှုပေးသည့် အိမ်သုံး/ကျောင်းသုံး/ရုံးသုံး ဖိုက်ဘာအင်တာနက်(FTTx)များလည်း ပြတ်တောက်ခဲ့သဖြင့် FTTx ဖိုက်ဘာအင်တာနက်သုံးစွဲနေသော နေရာတော်တော်များများတွင် ဆက်သွယ်မှုများ ပြတ်တောက်ခဲ့ရာ Internet Service Provider များက လူအင်အားပစ္စည်းအင်အားများဖြင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် နေပြည်တော်နှင့် မန္တလေးမြို့အတွင်း နေရာအများစုတွင် FTTx အင်တာနက် ဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ငလျင်ဒဏ်ကြောင့် ချို့ယွင်းပျက်စီးသွားသော တယ်လီဖုန်းတိုင်များ၊ ဖိုက်ဘာကေဘယ်လ်ကြိုးများ ရှင်းလင်းခြင်း၊ အစားထိုး ပြုပြင်ခြင်းများကို နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့တို့တွင် ဆောင်ရွက်ခဲ့ပြီး မန္တလေးမြို့တွင်လည်း ဆက်သွယ်မှုပြတ်တောက်ခဲ့သော မိုဘိုင်းစခန်းများအား ပြုပြင်ဆောင်ရွက်လျက်ရှိပြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ ၂၆ လမ်း၊ သင်္ဂဇာလမ်းအနောက်ဘက်ရှိ အထက(၂၁) ကူညီကယ်ဆယ်ရေးစခန်းတို့တွင် အရေးပေါ်အသုံးပြုနိုင်ရန်အတွက် မိုဘိုင်းစခန်းတစ်ခု တပ်ဆင် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**




# ဟင်္သာတမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

ဟင်္သာတ ဧပြီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပခန်းရပ်ကွက် ဧရာဝတီမြစ် ကမ်းနားဆိပ်ကမ်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးပိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဇီဝိတဒါန ငါးလွှတ်ပွဲတွင် ငါးမြစ်ချင်းငါး အကောင်ရေ ၁၁၀၀၀ အား လွှတ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း၊ ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးပိုင်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟင်္သာတခရိုင်/မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးအဖွဲ့ဝင်များ၊ ရပ်/ကျေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ယာယီဆေးရုံ(ပေါင်းလောင်း)တွင် ပူးပေါင်းပါဝင်ကုသပေးလျက်ရှိ၊ နေပြည်တော်ရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း ခေတ်မီအလိုအလျောက်ရေသန့်စင်စက်များနှင့် ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးရန်အတွက် ဘူတန်ဘုရင့်နိုင်ငံ ဘုရင်မင်းမြတ်က စေလွှတ်လိုက်သောဘူတန်နိုင်ငံဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံ (ပေါင်းလောင်း)၌ မေ ၃ ရက်မှ စတင်၍တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည်။

အဆိုပါဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွင် ဦးနှောက်နှင့်အာရုံကြောကုသမှုဆိုင်ရာပါရဂူ၊ အရိုးအကြောဆိုင်ရာပါရဂူ၊ မေ့ဆေးပါရဂူ၊ ခွဲစိတ်ကုသမှုပါရဂူ၊ အရေးပေါ်ကုသမှုဆိုင်ရာ ပါရဂူတို့အပါအဝင် အဖွဲ့ဝင် ၈၇ ဦးပါဝင်ပြီး မြေစိုက်အရေးပေါ်ခွဲစိတ်ခန်း နှစ်ခန်းတည်ဆောက်ကာ နေ့စဉ်အကြီးစားနှင့် အသေးစားခွဲစိတ်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဗုဒ္ဓရတန ပရဟိတပညာဒါနကျောင်းတိုက်ရှိ ကျောင်းသားကျောင်းသူ ၁၈၀၊ ယာယီနေရပ်စွန့်ခွာ နေရသူများနှင့် ငလျင်ဒဏ်သင့် အိမ်ထောင်စု ၆၉ စုမှ မိသားစုဝင် ၁၀၀ ကျော်တို့အား ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသပေးကြသည်။ ထို့ပြင် ဆေးဘက်ဆိုင်ရာအဖွဲ့သည် အဆိုပါကျောင်းတိုက်၌ ခေတ်မီရေသန့်စင်စက်နှင့် လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီ တစ်လုံးတို့ကို တပ်ဆင်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကလေးအသုံးအဆောင်ပစ္စည်းအထုပ် ၂၄၀ နှင့် အားကစားပစ္စည်းများကို လှူဒါန်းရာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဒီပက ဉာဏ်တော် ၁၈ လက်မရှိ ကျွန်းနက်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်အတွက် အမှတ်တရလက်ဆောင် အဖြစ်ပြန်လည်ချီးမြှင့်ခဲ့သည်။






၎င်းအပြင်ဘူတန်နိုင်ငံဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ပျဉ်းမနားမြို့ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်နှင့် မစိုးရိမ်ကျောင်းတိုက်တို့၌ ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ လျှပ်စစ်ဓာတ်အားမလိုအပ်ဘဲ တစ်နေ့လျှင် ရေလီတာ ၁၀၀၀၀ သန့်စင်ပေးနိုင်သည့် အလိုအလျောက် ရေသန့်စင်စက်နှင့် လီတာ ၂၀၀၀ ဆံ့ရေတိုင်ကီ တစ်လုံးစီတို့ကို တပ်ဆင်လှူဒါန်းပေးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ တစ်ကိုယ်ရေသုံးပစ္စည်းအစုံ ၁၀၀ စီနှင့် ဆန်၊ စားသုံးဆီ၊ သကြားစသည့် လှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြသည်။

အလားတူ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ရွေ့လျားခွဲစိတ်ယာဉ်၊ ရွေ့လျားဓာတ်မှန်ယာဉ်၊ ရွေ့လျား ဓာတ်ခွဲယာဉ်တို့ဖြင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးလျက်ရှိရာ ယနေ့ထိ ခွဲစိတ်လူနာ ၆၆ ဦးကိုအောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး နေ့စဉ်အတွင်းလူနာ ၆၀ ခန့်၊ ယနေ့ထိ ပြင်ပလူနာ ၂၆၀၀ ကျော်တို့ကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၆၀ | ၃၁၃၀ | ၃၀၆၀ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၀ | ၃၁၂၀ | ၄၅၀၅ | ၃၄၁၀ | ၃၁၃၅ | ၃၁၄၀ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၅ | ၃၄၅၀ |
| 95 Ron | ၃၁၁၀ | ၃၂၂၀ | ၃၁၉၀ | ၃၁၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၀ | ၃၁၈၀ | ၄၅၆၀ | ၃၄၇၅ | ၃၁၉၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၁၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၅ | ၂၆၆၅ | - | ၂၉၅၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၄၀ | ၂၉၉၅ |
| HSD (50 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၈၃၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |
| HSD (10 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | - | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၇ | ၂၉၆၀ |
| 95 Ron | ၂၉၃၆ | ၃၀၂၈ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၃၃ |
| HSD (50 ppm) | ၃၀၂၅ | ၃၁၁၅ |
| HSD (10 ppm) | ၃၀၂၅ | ၃၁၁၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ညောင်ရွှေမြို့နယ်ရှိ ငလျင်ဒဏ်သင့် ကျေးရွာ ၁၈ ရွာ၌ စက်ရေတွင်းတူးဖော်ပေး

ညောင်ရွှေ မေ ၁၁

ညောင်ရွှေမြို့နယ်အတွင်း မန္တလေးမြေငလျင်ကြီးလှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကျေးရွာ ၁၈ ရွာ၌ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန်အတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေသန့်စင်စက်အသစ် တပ်ဆင်ခြင်း/ပြုပြင်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းနှင့် ရေတိုင်ကီထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် စက်ရေတွင်းလေးတွင်းတူးဖော်ခြင်း၊ ရေသန့်စင်စက်အသစ်နှစ်စုံတပ်ဆင်ခြင်းနှင့် အဟောင်းသုံးစုံပြုပြင်ခြင်း၊ ရေပိုက်အလုံး ၁၁၉၀၊ အရှည်ပေ ၁၃၁၂၀ သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေတိုင်ကီ ၁၄ လုံး ထောက်ပံ့ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**



# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** **-MYEBMMMY**
- **Beneficiary Name** **-Natural Disaster Management Fund**
- **Beneficiary A/C No** **-EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ နှစ်ဦးတရားပွဲ ကျင်းပမည်



မန္တလေး မေ ၁၁

၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ မေ ၁၇ ရက် ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီး၌ နှစ်ဦးတရားပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်ဦးတရားပွဲတွင် မဟာအောင်မြေ မြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိ ကျောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသဆရာတော်က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ကြွရောက် ဟောကြားချီးမြှင့်မည်ဖြစ်သည်။

တရားပွဲသို့ မန္တလေးမြို့တော်သူ မြို့တော်သား များသာမက ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများအနေဖြင့် တရားတော် လာရောက်နာယူနိုင်ကြပါရန် နှစ်ဦး တရားပွဲတော်ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထား ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

နှစ်ဦးတရားပွဲကျင်းပမည့် မဟာအတုလ ဝေယံ(အတုမရှိ)ကျောင်းတော်ကြီး။

# မြဝတီမြို့၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးခြောက်ပါးနှင့် သီလရှင်ဆရာလေး တစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

မြဝတီ မေ ၁၁

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် တို့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခြောက်ပါးနှင့် သာသနနွယ်ဝင် သီလရှင် ဆရာလေးတစ်ပါးတို့ အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း "ဂုဏ ဝိသိဋ္ဌပူဇာ" အခမ်းအနား ကို ယနေ့နံနက်ပိုင်းက ကရင် ပြည်နယ် မြဝတီမြို့ကျက်သရေ ဆောင် ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ရွှေမြင်းဝန်စေတီတော် မြတ်ကြီး ပရိဝုဏ်အတွင်း သာသနဟိတကာရီ ဗိမာန်တော်၌ ကျင်းပသည်။



ဦးစွာ မြဝတီခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ် ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ကရင် ပြည်နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည် ရေးနာယက ဦးစောမုတ်သုန်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်စီမံအဖွဲ့ ဝင်များ၊ ဧည့်ပရိသတ်အပေါင်း တို့က အန္တရာယ်ကင်းပရိတ် တရားတော်များ ရွတ်ဖတ်ပူဇော် ခြင်းကို နာယူကြည်ညိုကြပြီး ခရိုင်သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနမှူး ဦးမောင်ဝင်းက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာ့ နွယ်ဝင် သီလရှင်ဆရာလေး တို့၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပေးသည်။

ထို့နောက် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာ တော်ကြီးခြောက်ပါးနှင့် သီလရှင် ဆရာလေးတစ်ပါးတို့အား ခရိုင် အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်စီမံအဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ကရင်ပြည်နယ် သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ရေးနာယက ဦးစော မုတ်သုန်၊ မြဝတီခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်သန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူးဦးသန်းနိုင်၊ မြို့နယ် စီမံအဖွဲ့ဝင်(၂) ဦးအောင်မျိုးထွန်း နှင့် ဒေါ်မိကြည်အေး (ရတနာ ထွန်းရွှေဆိုင်)တို့က ဘွဲ့တံဆိပ်တော် များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ် ရေးမှူး ဦးကောင်းစံလင်းက သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနရုံးတွင် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

ပွင့်ဖြူ မေ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနက ရဟန်း ရှင်လူပြည်သူများ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မေ ၁၀ ရက် ည ၇ နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ မီးသတ် တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများက အန္တရာယ်ကင်းပရိတ်တရား တော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ရွတ်ဖတ်ပူဇော်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများက နိုင်ငံ တစ်ဝန်းရှိ ရဟန်းရှင်လူပြည်သူများ သဘာဝဘေးအန္တရာယ်ကင်းဝေး စေရန်အတွက် ပရိတ်ကြီး (၁၁)သုတ်၊ ဓမ္မစကြာနှင့် ပရိတ်ပဋ္ဌာန်းများကို စုပေါင်းရွတ်ဖတ်ပူဇော်၍ မေတ္တာပို့အမျှအတန်းများ ပေးဝေခဲ့ကြ သည်။

ယင်းသို့ရွက်ဖတ်ပူဇော်ရာတွင် ရတနသုတ်ပရိတ်တော်များနှင့် ဥပ္ပါတသန္တိ ကျမ်းမြတ်တို့ကို ကိုးရက်တိတိ စုပေါင်းရွတ်ဖတ်ပူဇော်လျက် ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ)**



# ပေါင်မြို့နယ်၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပ



ပေါင် မေ ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ မင်္ဂလာကန်ကြီး၌ ကျင်းပသည်။

ထိုသို့ဇီဝိတဒါနစုပေါင်းငါးလွှတ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် တက်ရောက် လာသူများက စုပေါင်းမေတ္တာပို့သကြပြီး ငါးဖမ်းမ၊ ရွှေဝါငါးကြင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀ ခန့်အား ကုသိုလ်ယူ ဇီဝိတ ဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ရောဝတီမြစ်ကမ်းဘေး (ကျီးပင်ဆိပ်)တွင် မေ ၁၁ ရက် နံနက် ၇ နာရီက မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်း များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများက ရောဝတီမြစ် အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၁၀၀၀ ကို ငါးလွှတ်ကုသိုလ်ပြုစဉ်။

မြို့နယ်(ပြန်/ဆက်)




# သုံးခွမြို့နယ် ပျဉ်းမကန်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွ မြို့နယ် ပျဉ်းမကန်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံ ပြည်သူများအား ယနေ့နံနက် ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အနောက် ကျောင်းတိုက်ဓမ္မာရုံ၌ ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာ တော် တစ်ပါးနှင့် ဒေသခံပြည်သူ ၁၀၄ ဦးတို့အား အရိုးအကြော ရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ် ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာ ရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူ များက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဖာပွန်မြို့နယ် ကမမောင်းမြို့၌ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း တစ်လုံး ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ကလေးငယ် သုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၁၁

အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်သေဆုံးဒဏ်ရာရရှိစေရန် ရည်ရွယ်ကာ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်ခြင်း၊ အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် လူနေအိမ်များအနီးတွင် ဖောက်ခွဲရေးပစ္စည်းကိရိယာများ တပ်ဆင်မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှမိုင်းထောင်ဖောက်ခွဲခြင်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်မှုများကြောင့် ဧပြီ ၁၀ ရက် ညနေ ၅ နာရီခန့်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းမြို့ အမှတ်(၃) ရပ်ကွက်နေ မဇင်မြတ်နိုး (၁၂)နှစ်၊ မကြယ်စင်လင်းသန့် (၁၇)နှစ်နှင့် မစင်သီတာသိမ့်(၁၂)နှစ်တို့ သုံးဦးသည် အဆိုပါရပ်ကွက်အနီး သံလွင်မြစ်ကမ်းဘေး၌ ရေကူးရန် သွားရောက်စဉ် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း တစ်လုံးအား မဇင်မြတ်နိုးက နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့ သုံးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည့် ကလေးငယ်များအား ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ဆောင်နေမှုများကို ရပ်ကွက်/ကျေးရွာလူထုမှ လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရှိရပြီး အကြမ်းဖက်မိုင်းထောင်သူများအား ဥပဒေနှင့်အညီ အမြန်ဆုံးဖော်ထုတ်အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်




အကြမ်းဖက် သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်းပေါက်ကွဲမှုကြောင့် ကလေးငယ် သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။







အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များ၏ မှတ်တမ်းဓာတ်ပုံ။

## အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဖွဲကပင်လမ်း (၁၀) ရပ်ကွက်နေ မတင်ဇာဦး က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နေ မ----၊ ၁၉/၂၅နှစ်၊ မ----၊ ၁၇/၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ----၊ ၃၀/၂၅ နှစ် တို့အား တရုတ်နိုင်ငံ၌ တရုတ်ယောကျာ်း ယူပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ကျိုင်းတုံမြို့မရဲစခန်းမှ အမှုဖွင့်လှစ်တရားစွဲတင်ပို့ခဲ့သည်။ အဆိုပါအမှုအား ကျိုင်းတုံခရိုင် တရားရုံးမှ ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်တွင် တရားခံ မတင်ဇာဦး အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**ပဲခူး ဧပြီ ၁၁**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးမျှော်မှန်းချက်အနေဖြင့် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို ပုံမှန်ဈေးနှုန်းအရ ၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားကြောင်းနှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၃ ဒသမ ၈၁၁ သန်း အကောင်အထည်ဖော်ရန် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားမှ သိရသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စီမံကိန်းပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့်သုံးသပ်ခြင်းနှင့် ချင့်ချိန်ဆုံးဖြတ်ခြင်းတို့ဖြင့် လျာထားချက်အတိုင်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေကို ထိထိရောက်ရောက် အကျိုးရှိစွာသုံးစွဲနိုင်ရေး လွန်စွာအရေးကြီးပြီး ဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ ငလျင်ဒဏ်ခံနိုင်မှုရှိစေရေး၊ လုပ်ငန်းပမာဏနှင့် ညီမျှသည့် ဘဏ္ဍာငွေကြေးသုံးစွဲမှုဖြစ်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**တိုက်တွန်းပြောကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် ပါဝင်သော လယ်ယာကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ စက်မှုကဏ္ဍကြီးအတွက် တိုင်းဒေသကြီး စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးမှူး၊ ဝန်ဆောင်မှုကဏ္ဍကြီးအတွက် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းချက်များကို ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပြည်၊ နတ်တလင်းနှင့် သာယာဝတီတို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ကာ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို လျာထားချက်ပြည့်မီကျော်လွန်ပြီး လက်တွေ့အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။




**အကောင်အထည်ဖော်ဆောင်ရွက်**

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များတွင် တိုးတက်မှုနှုန်းအနေဖြင့် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီးတွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၂၇ ဒသမ ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားကြောင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းရည်မှန်းချက်များအပေါ် ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသော်လည်း ဘဏ္ဍာနှစ်ကုန်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကျုံပျော်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

**ကျုံပျော် ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ကျုံပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူသန်းက ကျုံပျော်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်အဆင့် လယ်ယာဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းတာဝန်များကို ခရိုင်အဆင့် ဌာနဆိုင်ရာများထံသို့လည်းကောင်း၊ မြို့နယ်များ၏ ဒေသန္တရစီမံကိန်းတာဝန်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံသို့လည်းကောင်း ပေးအပ်သည်။ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျုံပျော်၊ ကျောင်းကုန်းနှင့် ရေကြည်မြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်၌ နွေရာသီကိုယ်လက်လှုပ်ရှားအားကစား Physical Fitness Dance သင်တန်းဆင်းပွဲကျင်းပ

**တနင်္သာရီ ဧပြီ ၁၁**

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီကိုယ်လက်လှုပ်ရှားအားကစား Physical Fitness Dance သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲ အခမ်းအနားတွင် စစ်နယ်မြေမှူး ဗိုလ်မှူးကြီးမျိုးမင်းသူက အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းဖြစ်မြောက်ရေးအတွက် အလှူငွေပံ့ပိုးပေးခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့် သင်တန်းဝတ်စုံအတွက် ပါဝင် လှူဒါန်းပေးကြသည့် စေတနာရှင် အလှူရှင်များအား စစ်နယ်မြေမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြများနှင့် သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

**အားပေးကြည့်ရှု**

ထို့နောက် Physical Fitness Dance သင်တန်းသူလေးများက 5678 သီချင်းနှင့် ထာဝရသစ္စာတေးသီချင်းတို့ဖြင့် သရုပ်ဖော်ကပြကြရာ အခမ်းအနားသို့ တက်ရောက်လာသူများက အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ဖျာပုံမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး စက်ရုံ၊ အလုပ်ရုံများစစ်ဆေး

**ဖျာပုံ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးသက်နိုင်ဝင်းကြီးကြပ်မှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါအသိပညာပေး စစ်ဆေးရာတွင် ဖျာပုံမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေး လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေး လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးမှာကြားခြင်းတို့ ဆောင်ရွက်ပြီး စက်ရုံ၊ အလုပ်ရုံများအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှု အခြေအနေကိုစစ်ဆေးကာ လိုအပ်သည်များလိုက်နာဆောင်ရွက်ရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ရောဦးသာ**



## ကျောက်ပန်းတောင်းမြို့မဈေးကြီး၌ သက်သာသောဈေးနှုန်းဖြင့် အသားရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်စည်ပင်သာယာအဖွဲ့ပိုင် မြို့မဈေးကြီးတွင် အမဲသား၊ ဝက်သား၊ ဆိတ်သားများအား သက်သာသောဈေးနှုန်းဖြင့် သတ်မှတ်ချက်များအတိုင်း ရောင်းချနေခြင်း ရှိမရှိတို့ကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်အေးနှင့် ရုံးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက အသားရောင်းချသည့် ဈေးတန်းအတွင်း ဝင်ရောက်စစ်ဆေးသည်။ အဆိုပါ ပြည်သူ့သက်သာဈေးရောင်းချခြင်း အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့်ရောင်းချခြင်းဖြစ်ပြီး အပတ်စဉ် စနေနေ့တိုင်း ရောင်းချမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၁၁**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေငွေ့များနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပျံတက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၁၇ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**ယနေ့ညမှ ၁၇-၇-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**ယနေ့ညမှ ၁၇-၇-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**ယနေ့ညမှ ၁၇-၇-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




# ကျုံပျော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲကျင်းပ

**ကျုံပျော် ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲကို ကျုံပျော်မြို့ ပျဉ်ချဆိပ်အုပ်စု တောင်သူဦးကြည်ဝင်းပါ တောင်သူ ၁၀ ဦး၏ လယ်မြေ ဧက ၅၀ ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ တာဝန်ရှိသူများက တက်ရောက်လာသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် တောင်သူများထံသို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်ကြသည်။



ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနကိုယ်စားပြု ခရိုင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းအောင်သန်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်နှင့် ဝန်ထမ်းများ၊ တောင်သူများက လယ်မြေအတွင်းသို့ ပိုက်ဆံလျှော်မျိုးစေ့များ စုပေါင်းကြဲပက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

★ **ယူရိုပါလိဂ်မှ**

ပထမပိုင်း ပွဲကစားချိန် ခြောက်မိနစ်မှာ အီကီတီကီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး စပါးအသင်းက ပွဲကစားချိန် ၂၆ မိနစ်မှာ ပေါ်ရိုးရဲ့ သွင်းဂိုးရရှိခဲ့လို့ တစ်ဖက် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ် ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ လိုင်ယွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာအဝေးကွင်းကိုလာရောက်ကစားခဲ့ရတဲ့ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ယိုရိုနဲ့ ဇာဇီတို့က သွင်းယူပေးခဲ့ပြီး အိမ်ရှင်အသင်းအတွက် သွင်းဂိုးတွေကိုတော့ အယ်လ်မာဒါနဲ့ ချာကီတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဘီဘာအိုအသင်းနဲ့ ရိန်းဂျားစ်အသင်းတို့ ပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ယူရိုပါလိဂ် ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွေထဲမှာ ဘိုဒိုအသင်းက လာဇီယိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဘိုဒိုအသင်းအတွက် သွင်းဂိုးတွေကို ဆဲလ်နက်စ်က နှစ်ဂိုးစလုံး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ယူရိုပါလိဂ် ကွာတားဖိုင်နယ်အဆင့်ဒုတိယအကျော့ပွဲစဉ်တွေကိုတော့ ဧပြီ ၁၇ ရက်မှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။

ငွေကြယ်

